www.free4readers.com



ရွှေလား အွန်လိုင်းဈေးကွက်မှာ ရပြီနော်

စာ-၅

စီးပွားရေးသတင်းဂျာနယ်



သိုလှောင်ရုံငှားမည်၊ ရေနံဓာတ်ငွေ့ရည်ရောင်းမည်

စာ-၂၀,၂၁

အမှတ် ၆၁၅ *The Modern Weekly* ၁ ဇွန် ၂၀၁၈၊ သောကြာနေ့

# တိုင်းပြည်စီးပွားရေးကို စီမံဘဏ္ဍာဝန်ကြီးသစ် ဘယ်လိုဆွဲတင်မလဲ

စာ-၆,၇




ဝိုင်ဘီအက်စ် မရှိတော့လည်း အောက်ဆိုက်ကားပဲပေါ့



စာ-၉

ပုဂ္ဂလိက ဘဏ်အသစ်လေးခု မကြာမီ ဖွင့်လှစ်ခွင့်ပြုမည်



စာ-၃

အိန္ဒိယကိုပဲပို့မှာလား ဦးသူစနစ်နော် မြန်မြန်ပို့မှ များများရောင်းရမည်



စာ-၂

ပြင်ပအကူ သူနာပြုတွေကို လိုင်စင်လုပ်ပေးဖို့ အစီအစဉ်မရှိပါ



စာ-၄

www.free4readers.com





အွန်လိုင်းကနေ ရွှေတွေ၊ လက်ဝတ်ရတနာတွေ ရောင်းချတဲ့ ဈေးကွက်ကြီးက ကျယ်ပြန့်လာပြီ ဖြစ်ပါတယ်။

# ရွှေလား အွန်လိုင်းဈေးကွက်မှာလည်း ရပြီနော်

ရန်ကုန်၊ မေ ၃၀- အွန်လိုင်းကနေ ရွှေတွေ၊ လက်ဝတ်ရတနာတွေ ရောင်းချတဲ့ ဈေးကွက်ကြီးက ကျယ်ပြန့်လာပြီ ဖြစ်ပါတယ်။

အွန်လိုင်းကနေ လက်ဝတ်ရတနာတွေ၊ ရွှေတွေကို ဆိုင်ကြီးတွေက ပေ့ချ်တွေ ထောင်ပြီး ရောင်းချလာတာတွေအပြင် တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူတွေက ဆိုင်ကြီးတွေနဲ့ ချိတ်ပြီး လုပ်ကိုင်လာတာတွေ ရှိပါတယ်။ ကိုယ်ပိုင် ပန်းထိမ်အသေးလေးတွေ ထောင်ပြီး ရောင်းချလာတာတွေလည်း ရှိတယ်။ ဆိုင်တွေက တစ်ဆင့်ယူပြီး ရောင်းသူတွေက ရောင်းချတဲ့ ပစ္စည်းတွေအပေါ် မူတည်ပြီး ရာခိုင်နှုန်းတွေနဲ့ ပြန်ပေးတာ ဖြစ်ပါတယ်။ သည်လိုမှမဟုတ်ဘဲ ကိုယ်ပိုင်ရောင်းတဲ့သူတွေက အရစ်ကျစနစ်နဲ့ရောင်းချတာတွေ ပါရှိတယ်။

'အွန်လိုင်းက ရွှေရောင်းတဲ့ ဈေးကွက်အခုဆို တော်တော်ကျယ်ပြန့်လာတယ်ပဲ ပြောရမယ်၊ ဘာလို့လဲဆိုတော့ ဦးထုံတို့ ဘာတို့လို ဆိုင်ကြီးတွေ တော်တော်များများပေါ့၊ အဲဒီလိုမျိုးကတောင်မှပဲ အွန်လိုင်းမှာ ရောင်းလာတယ်၊ အဲဒါကိုကြည့်ခြင်းအားဖြင့် အွန်လိုင်းက ရွှေရောင်းတဲ့ ဈေးကွက်ကတော့ တော်တော့်ကို ကျယ်ပြန့်လာတယ်၊ ရတနာဆိုရင်လဲ ရတနာနဲ့ ပတ်သက်တဲ့ ဆိုင်ကြီးတွေဖွင့်ထားပြီးအွန်လိုင်းမှာပဲ ရောင်းလာကြတာပေါ့' လို့ အွန်လိုင်းမှာ လက်ဝတ်ရတနာတွေ ရောင်းချနေတဲ့ မရွှေသဲဝါက ပြောပါတယ်။

အခုနောက်ပိုင်း လူတွေဆီကို များများထိုးဖောက်နိုင်ဖို့ဆိုရင်ကျတော့ အွန်လိုင်းကနေ ထိုးဖောက်မှ အဆင်ပြေနိုင်မှာဖြစ်တာကြောင့် နာမည်ရနေတဲ့ ရွှေဆိုင်ကြီးတွေတောင်မှ အွန်လိုင်းဘက်ကို ပြောင်းလဲလာတယ်လို့ သိရပါတယ်။ တချို့ဆိုင်ကြီးတွေကျတော့လည်း ဖောက်သည်တွေပိုပြီး လိုချင်တာတွေကြောင့်ရောပိုပြီး ရောင်းကောင်းချင်တာတွေကြောင့်ရော အွန်လိုင်းဘက်ကို ကူးပြောင်းပြီး ရောင်းချလာတယ်လို့ သိရပါတယ်။

## နည်းမျိုးစုံနဲ့ ရောင်းနေပြီ

အွန်လိုင်းကနေ ရွှေတွေကို အရစ်ကျရောင်းချလာတာတွေ ရှိလာပြီး တစ်နိုင်တစ်ပိုင်လုပ်ကိုင်သူတွေက ရောင်းချကြတာ ဖြစ်ပါတယ်။ ဆိုင်ကြီးတွေကတော့ အရစ်ကျစနစ်တွေနဲ့ ရောင်းချပေးတာတွေ နည်းပါးသေးတယ်။ အရစ်ကျတွေနဲ့ ရောင်းတာတွေကတော့ အချင်းချင်း ရင်းနှီးတဲ့ သူတွေကို ရောင်းချကြတာပါ။ အွန်လိုင်းမှာ ရောင်းချတာ ဖြစ်လို့ အရစ်ကျဝယ်ယူချင်တဲ့သူတွေ ရောင်းချသူတွေဘက်က တောင်းတဲ့အချက်အလက်တွေ အကုန်လုံးပေးပြီးတော့မှ ဝယ်ယူလို့ရနိုင်တာပါ။

တချို့က မဲစနစ်တွေကို သုံးပြီး ရောင်းချတာမျိုးတွေ ရှိပါတယ်။ မဲစနစ်တွေဆိုတာကတော့ ပစ္စည်းတစ်ခုကို ရောင်းချဖို့အတွက် လူဘယ်လောက်လိုတယ်။ တစ်ယောက်ကို ၅၀၀၀ဖြစ်ဖြစ် အများဆုံးကတော့ ၄၀,၀၀၀ လောက် ထည့်ခိုင်းတာဖြစ်ပြီး ရွှေထည်တွေ စိန်ထည်တွေကို မဲစနစ်တွေနဲ့ ရောင်းချပေးတာ ဖြစ်ပါတယ်။ မဲပေါက်တဲ့သူကတော့ သူထည့်ထားတဲ့ ငွေပမာဏနည်းနည်းနဲ့ တန်ဖိုးကြီးပစ္စည်းတွေကို ရယူနိုင်တာ ဖြစ်တာကြောင့် အွန်လိုင်းကနေ သည်လို မဲစနစ်တွေနဲ့ ရောင်းချတာတွေကို လူအများအပြား စိတ်ဝင်စားကြပြီး ထည့်တဲ့သူတွေ များတာ ဖြစ်ပါတယ်။

အွန်လိုင်းမှာ လက်ဝတ်ရတနာတွေကို ရောင်းချနေတဲ့ မရွှေရည်သိန်းတန်က 'အစ်မကတော့ မဲစနစ်တွေဆိုတာထက်ကို ဆိုင်ကြီးတွေမှာဆိုရင်ကျတော့ သူတို့ကျတော့ အဘက်ဘက်ကနေ ကုန်ကျစရိတ်တွေရှိတယ်ဆို တော့ ဈေးနှုန်းတွေကတော့ နည်းနည်းလေးများနေတယ်၊ အစ်မကကျတော့ တစ်နိုင်တစ်ပိုင်အနေနဲ့ပဲ အွန်လိုင်းကနေ ရောင်းချတာဆိုတော့ တခြားကုန်ကျစရိတ်တွေလဲ မရှိဘူးဆိုတော့ အစွန်းထွက်တွေကို ဖြုတ်ပြီးတော့ အလှည့်ကျမဲစနစ်နဲ့ ရောင်းပေးတာ တစ်ပတ်ကို တစ်ခါ မဲနှိုက်ပြီးပေါက်တဲ့ သူကတော့ ယူပေါ့၊ မပေါက်တဲ့ သူကျတော့လဲ အလှူထည့် လိုက်တယ်လို့ သဘောထားပြီး ထည့်လိုက်တယ်လို့ သတ်မှတ်ခိုင်းထားတယ်၊ အဲဒီတော့ ပေါက်တဲ့ သူတွေအတွက်ကကျတော့လဲ ဈေးနှုန်းသက်သက်သာသာနဲ့ပဲ ဝယ်နိုင်တာဆိုတော့ သူတို့တွေအတွက်လဲ အဆင်ပြေနိုင်တယ်၊ အဲဒါကြောင့် မဲစနစ်တွေနဲ့ရောင်းချတာပါ' လို့ ပြောပါတယ်။

အွန်လိုင်းမှာ လက်ငင်းရောင်းချတာတွေကို ဆိုင်ကြီးတွေပဲ လုပ်ကြတာများတယ်ဆိုပေမဲ့ တစ်နိုင်တစ်ပိုင်လုပ်ကိုင်တဲ့ သူတွေကတော့ အရစ်ကျစနစ်တွေ၊ မဲစနစ်တွေနဲ့သာ ရောင်းချနေကြတာလို့ သိရပါတယ်။

## စိတ်ချရပါ့မလား

တချို့ကျတော့ အွန်လိုင်းမှာ ရွှေမဟုတ်ဘဲ တခြားပစ္စည်းတွေကို ဝယ်ယူတယ်ဆိုရင်တောင် ရောင်းသူက ဝယ်ယူသူတွေကို ဂျင်းထည့်တာတွေ များနေတာကြောင့် ရွှေဝယ်မယ်ဆိုရင် အွန်လိုင်းကဝယ်ယူရမယ်ဆိုရင် ကြောက်ကြပါတယ်။ အမှန်အကန်နဲ့ နာမည်တစ်ခုရပြီး ဈေးကွက်မှာ ရေရှည်ရပ်တည်နိုင်ဖို့ စတင်လုပ်ကိုင်နေတဲ့ သူတွေလည်း ရှိပါတယ်။ အွန်လိုင်းကနေ ဝယ်ယူတော့မယ်ဆိုရင် ဝယ်ယူသူတွေရဲ့ တုံ့ပြန်ချက်ကောင်းကောင်းရနေပြီဖြစ်တဲ့ သူတွေ၊ ပရိုဖိုင်ပုံကို ပုံအစစ်အမှန်တွေ တင်ထားတဲ့သူတွေဆီမှာ ဝယ်ယူတယ်ဆိုရင်တော့ ပိုပြီးတော့ လုံခြုံစိတ်ချလို့ရနိုင်မှာ ဖြစ်ပါတယ်။

တချို့ကျတော့ ဝယ်ယူတဲ့ပစ္စည်းတွေအပေါ်မှာ အာမခံထားပေးပြီး တစ်လအတွင်း ချို့ယွင်းမှုတစ်ခုခုဖြစ်တယ်ဆိုရင်တော့ ပြန်လည်ပြုပြင်ပေးတာ မျိုး တွေ ကို ပြု လုပ် ပေးတယ်လို့ သိရပါတယ်။ တချို့ကျတော့လည်း ဈေးနှုန်းသက်သာပေမဲ့လည်း ရွှေရည်မပြည့်တာတွေ ရောင်းချတတ်တာတွေလည်း ရှိပါတယ်။ ပြောပြပြီး ရောင်းချတဲ့ သူတွေရှိသလို မပြောပြဘဲ ရောင်းချတတ်တဲ့သူတွေရှိတာကြောင့် သေချာစစ်ဆေးပြီး ဝယ်တယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။

ရွှေနဲ့လုပ်ထားတဲ့ စိန်ထည်ပစ္စည်းတွေကို ဝယ်ယူမယ်ဆိုရင် စိန်က ဘယ်နိုင်ငံထုတ် စိန်တွေမှန်းမသိနိုင်တာတွေကြောင့် အွန်လိုင်းကနေ သည်လို အဖိုးတန်ပစ္စည်းတွေကို ဝယ်ယူမယ်ဆိုရင် သေချာစစ်ဆေးပြီး ဝယ်ယူတာပဲဖြစ်ဖြစ် တတ်ကျွမ်းတဲ့ သူတွေကို ပြသပြီး ဝယ်ယူတယ်ဆိုရင် အဆင်ပြေနိုင်မှာ ဖြစ်တယ်လို့ သိရပါတယ်။ အာမခံပေးတဲ့ ပစ္စည်းတွေ ကို ဝယ် ယူ တာ က တော့ အကောင်းဆုံးဖြစ်ပါတယ်။

## အခွန်ရှောင်ချင်လို့ မဟုတ်ပါ

အွန်လိုင်းကနေ သည်လို ရွှေထည်တွေ၊ လက်ဝတ်ရတနာတွေကို ရောင်းချတာတွေကို အခွန်ရှောင်ချင်တာကြောင့် သည်လိုလုပ်ကိုင်တယ်ဆိုပြီး သုံးသပ်ကြတာတွေ ရှိပါတယ်။ အွန်လိုင်းကနေ မှန်မှန်ကန်ကန် လုပ်ကိုင်တဲ့သူတွေကတော့ ထိုက်သင့်တဲ့ အခွန်တွေကို ကောက်ခံတယ်ဆိုရင် ပေးဆောင်မှာ ဖြစ်ပြီး အွန်လိုင်းမှာ အဓိက ရောင်းရတဲ့ ရည်ရွယ်ချက်ကတော့ ဆိုင်ကြီးတွေမှာ ဆိုင်ခန်းခတွေအတွက် ပစ္စည်းတွေအပေါ်မှာ ဈေးတင်ထားတာတွေ ရှိတာကြောင့် သည်လို တင်ထားတဲ့ ဈေးတွေအတွက်ကို အွန်လိုင်းမှာ ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချတယ်ဆိုရင် အဆင်ပြေနိုင်မှာ ဖြစ်လို့ အွန်လိုင်းကနေ ရောင်းချကြတာပါ။ အွန်လိုင်းကနေ ရောင်းတယ်ဆိုရင် အင်တာနက်ဖိုးကလွဲပြီး တခြားကုန်ကျစရိတ်တွေ မရှိနိုင်တာကြောင့် ပစ္စည်းကိုလည်း သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ရောင်းချနိုင်မှာဖြစ်ပါတယ်။

'အခွန်ရှောင်ချင်လို့ အွန်လိုင်းကနေ ရောင်းတာတော့ မဟုတ်ပါဘူး၊ အစ်မတို့ကကျတော့ ကျောက်တွေဝယ်တာတွေက အစပေါ့၊ ကိုယ်တိုင်တူးပြီးပြန်ရောင်းတဲ့ ကျောက်တွေကို ဝယ်တာထက်ကို အခွန်ဆောင်ပြီးသား ကျောက်သန့်ကျောက်ကောင်းတွေကို ဝယ်ပြီးမှ လုပ်ရောင်းတာပါ၊ အခွန်ရှောင်ချင်တာကြောင့် အွန်လိုင်းမှာ ရောင်းနေတာ မဟုတ်ပါဘူး၊ တစ်နိုင်တစ်ပိုင်အနေနဲ့ကတော့ အွန်လိုင်းမှာရောင်းပြီး နောက်ပိုင်းကျရင်တော့ ဆိုင်ဖွင့်ပြီး ရပ်တည်နိုင်အောင် ပြုလုပ်သွားမှာပါ' လို့ မရွှေရည်သိန်းတန်က ပြောပါတယ်။

နဂါးကိုးကောင်ရတနာရွှေဆိုင်က ဒေါ်မိုးမိုးအေးက 'အခွန်ပိုင်းကျတော့ သူတို့တွေ အွန်လိုင်းမှာ ယူရောင်းတဲ့ ဆိုင်တွေဘက်က လုပ်ပေးတာတွေလဲ ရှိတယ်၊ အဲဒီလိုပိုင်းကျတော့ သေချာမပြောနိုင်ဘူး၊ ဆိုင်ကြီးတွေမှာ ရောင်းနေပြီး အွန်လိုင်းပေါ်ရောင်းတာကကျတော့ အထွေအထူးအခွန်နဲ့ ပတ်သက်ပြီး သိပ်ပြောစရာမရှိပါဘူး' လို့ ပြောပါတယ်။

## အားသာချက်၊ အားနည်းချက်

အွန်လိုင်းမှာ ရောင်းချတာတွေမှာတော့ အားသာချက်တွေ ရှိသလို အားနည်းချက်တွေလည်း ရှိတယ်လို့ သိရပါတယ်။ အားသာချက်တွေအနေနဲ့ကတော့ အွန်လိုင်းမှာ ဒီဇိုင်းလှလှလေးတွေကို ဖန်တီးပြီး တင်ရောင်းနိုင်တာကြောင့် ဖေ့စ်ဘုတ်ခ်သုံးစွဲတဲ့ သူတွေ အများအပြား မြင်တွေ့နိုင်တာ ဖြစ်ပြီး မိတ်အများအပြား ရှိလာနိုင်လို့ အွန်လိုင်းကနေ သည်တစ်ချက်ကတော့ အားသာချက်တစ်ခု

စာမျက်နှာ ၃၅ သို့

www.free4readers.com





ဦးစိုးဝင်းဟာ တန့်နေတဲ့ မြန်မာ့စီးပွားရေးကိုပြန်ကောင်းမွန်အောင် လုပ်နိုင်လိမ့်မယ်လို့ သုံးသပ်ထားကြပါတယ်။

# တိုင်းပြည်စီးပွားရေးကို စီမံဘဏ္ဍာဝန်ကြီးသစ် ဘယ်လိုဆွဲတင်မလဲ

“ မြန်မာ့ထုတ်ကုန်တွေရဲ့ ဈေးကွက် ပိုမိုကျယ်ပြန့်လာအောင် တိုးနိုင်ဖို့လည်း အာရုံစိုက်လုပ်ဆောင်ရမယ့် ကဏ္ဍဖြစ်ပါတယ် ”

နေပြည်တော်၊ မေ ၃၀ - နိုင်ငံရဲ့ စီးပွားရေး၊ ဘဏ္ဍာရေးနဲ့ အဓိက သက်ဆိုင်နေတဲ့ စီမံဘဏ္ဍာဝန်ကြီးဌာနကို ဦးဆောင်တဲ့သူဟာ တိုင်းပြည်ရဲ့ စီးပွားရေးကို ဘယ်လိုဆွဲတင်နိုင်မလဲဆိုတာ စိတ်ဝင်တစား စောင့်ကြည့်နေကြပါပြီ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးစိုးဝင်းကို ခန့်အပ်ဖို့ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက် တောင်းခံထားပါတယ်။

ဦးစိုးဝင်းဟာ တန့်နေတဲ့ မြန်မာ့စီးပွားရေးကို ပြန်ကောင်းမွန်အောင် လုပ်နိုင်လိမ့်မယ်လို့ လွှတ်တော်ကိုယ်စားလှယ်အချို့နဲ့ စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ထားကြပါတယ်။

ပုလဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန်းလှိုင်က ‘ကဏ္ဍတွေ အကုန်လုံး တစ်ပြိုင်နက်တည်း တိုးတက်မှပဲ လက်ရှိ စီးပွားရေးက ပိုမိုတိုးတက်မယ်ဆိုတော့ ကျွန်မထင်ပါတယ်၊ သူအရေးကြီးဆုံး အပိုင်းကနေစပြီးတော့ ကိုင်တွယ်ဆောင်ရွက်မှာပါ၊ အန်ကယ့်မှာလဲ စဉ်းစားထားတာ ရှိမှာပါ၊ ဘာကြောင့်လဲ ဆိုတော့ သူက ဝန်ကြီး တစ်ယောက်အဖြစ် လက်ခံနိုင်တဲ့ အခြေအနေမှာ သူမဆောင်ရွက်နိုင်ဘူးဆိုရင် ငြင်းပယ်မယ့်သူမျိုးဖြစ်တယ်၊ သူကိုင်တွယ်နိုင်လို့ သူလုပ်ပေးနိုင်မယ့် အတိုင်းအတာတွေ ရှိနေလို့ အန်ကယ်က ဒါကို လက်ခံလိုက်တာဖြစ်တယ်လို့ နားလည်တယ်’ လို့ ပြောပါတယ်။

လွှတ်တော်ကိုယ်စားလှယ်အချို့နဲ့ စီးပွားရေးလုပ်ငန်းရှင်အချို့က အကောင်းဘက်ကနေ ရှုမြင်ပြီး နိုင်ငံစီးပွားရေး ပိုမိုကောင်းမွန်လာဖို့ မျှော်လင့်နေကြတာ ဖြစ်ပါတယ်။

## မျှော်လင့်ကြတယ်

လက်ရှိမြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ပြုပြင်ရမယ့် အပိုင်းတွေ၊ လိုအပ်ချက်တွေ များစွာရှိနေပါတယ်။ ဦးစိုးဝင်းအနေနဲ့ လက်ရှိ မြန်မာနိုင်ငံရဲ့ အခွန်အကောက်စနစ်တွေကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ပေးဖို့ လိုအပ်တယ်လို့ လုပ်ငန်းရှင်အချို့က အကြံပြုကြပါတယ်။ အထူးသဖြင့် ပြည်ထောင်စု အခွန်အကောက်ဥပဒေမှာ လုပ်ငန်းရှင်တွေ မျှော်လင့်ထားတဲ့ ဖြစ်သင့်တဲ့ အခွန်သက်သာခွင့်တွေကို ရရှိဖို့ ပြန်လည်သုံးသပ်ဖို့ လုပ်ငန်းရှင်တွေ မျှော်လင့်ထားကြပါတယ်။

စီးပွားရေး လုပ်ငန်းရှင် တစ်ယောက်ဖြစ်တဲ့ ဒေါက်တာ စိုးထွန်းက ‘လက်ရှိတွေ့နေရတာက နှစ်မျိုးတွေ့နေရတယ်၊ World Bank တို့၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ စီးပွားရေးအကြံပေးတို့ သူတို့ပြောတာမြင်တာတော့ စီးပွားရေးကောင်းတယ်၊ GDP တက်နေတယ်လို့ မြင်တယ်ပေါ့နော်၊ တစ်ဖက်က ဒီလုပ်ငန်းရှင်တွေ လက်တွေ့လုပ်နေတဲ့လူတွေမြင်တာတော့ စီးပွားရေးကျနေတယ်၊ စီးပွားရေးကျပ်တည်းနေတယ်၊ ပြုပြင်ပြောင်းလဲမှု လုပ်ရမယ်လို့မြင်တယ်၊ အဲဒီနှစ်ခုက ကွာဟချက် အဓိကဖြစ်နေတယ်၊ ဒါကိုလဲ အစိုးရအနေနဲ့က ဒီအဖွဲ့နှစ်ဖွဲ့ ဆုံပြီးတော့ အဖြေရှာရင် ပိုပြီးအဖြေရမယ်လို့မြင်တယ်’ လို့ ပြောပါတယ်။

လက်ရှိအစိုးရသက်တမ်းဟာ နှစ်နှစ်ကျော်ပြီဖြစ်ပေမဲ့လည်း စီးပွားရေးနဲ့ပတ်သက်ပြီး ဘယ်လိုမဟာဗျူဟာနဲ့ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ရမယ်ဆိုတဲ့ Economic agenda ရယ်လို့ တိတိကျကျ မရှိသေးတာကြောင့် ဒါကိုလည်း အစိုးရရဲ့ ကျန်တဲ့သက်တမ်းအတွင်းမှာ ပြုလုပ်ဖို့ လိုအပ်တယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ အရင်အစိုးရကတည်းက ပါလာတဲ့ စီမံကိန်းတွေနဲ့ ပတ်သက်ပြီး ဘယ်ဟာက ပြုပြင်ပြောင်းလဲဖို့ လိုအပ်တယ်၊ ဘယ်ဟာက တိုးချဲ့ဖို့ လိုအပ်တယ် စတဲ့ ပြုပြင်ပြောင်းလဲမှုအပိုင်းတွေမှာ ဝေဝေဝါးဝါးဖြစ်နေတယ်လို့ ဝေဖန်သူလည်း ရှိပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ကလည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ အစိုးရ economic agenda ကို သိမှ ဖြစ်နိုင်ခြေရှိမရှိကို သုံးသပ်နိုင်မှာ ဖြစ်တယ်လို့ ဒဂုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်သက်ခိုင်က ပြောပါတယ်။

နောက်တစ်ခုကတော့ မြန်မာနိုင်ငံဟာ တရုတ်နဲ့ အိန္ဒိယနိုင်ငံကြားမှာ ရှိနေတဲ့အတွက် သည်ကျယ်ပြန့်တဲ့ ဈေးကွက်တွေထဲမှာ ပြည်တွင်းထွက်ပစ္စည်းတွေကို ပိုမိုတင်ပို့နိုင်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ဖို့လိုအပ်တယ်လို့ စီးပွားရေးလုပ်ငန်းရှင်အချို့က သုံးသပ်ကြပါတယ်။

## ဈေးကွက်ကြီး

လက်ရှိ မြန်မာနိုင်ငံ အနေနဲ့ကလည်း အာဆီယံစီးပွားရေး အသိုက်အဝန်း (AEC)ကို ဝင်ရောက်ထားပြီးဖြစ်သလို ဘင်္ဂလားဒေ့ရှ်နဲ့အိန္ဒိယနိုင်ငံတို့နဲ့လည်း စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်နေကြတဲ့ စီမံကိန်းတွေ ရှိနေပါတယ်။ ဒါ့အပြင် တစ်ဖက်မှာလည်း မဲခေါင်မြစ်ဝှမ်းစီမံကိန်း (GMS)ဆိုတဲ့ စီမံကိန်းလည်းရှိနေတဲ့အတွက် ကျယ်ပြန့်တဲ့ ဈေးကွက်ကြီးကို ပိုင်ဆိုင်ထားပါတယ်။ သည်ဈေးကွက်တွေကိုမြန်မာ့ထုတ်ကုန်တွေ ပိုမိုတင်ပို့နိုင်အောင် ဆောင်ရွက်ဖို့လိုအပ်ပြီး သည်လို မစွမ်းဆောင်နိုင်ရင်တော့ နိုင်ငံကြီးတွေရဲ့ စီးပွားရေးဈေးကွက်တွေက မြန်မာနိုင်ငံလို နိုင်ငံသေးလေးကို လွှမ်းမိုးသွားနိုင်ပါတယ်။ ဒါကြောင့် မြန်မာ့ထုတ်ကုန်တွေရဲ့ ဈေးကွက် ပိုမိုကျယ်ပြန့်လာအောင် တိုးနိုင်ဖို့လည်း အာရုံစိုက်လုပ်ဆောင်ရမယ့် ကဏ္ဍဖြစ်ပါတယ်။

ပါရမီစကားဝိုင်းက ဥက္ကဋ္ဌဖြစ်သလို စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်လည်းဖြစ်တဲ့ ဦးတင်ချိုကတော့ ‘တို့က လယ်ယာကဏ္ဍကို ဦးစားပေးရမှာဖြစ်တယ်၊ အဲဒီတော့

# စီမံဘဏ္ဍာရဲ့ နှစ်နှစ်တာအတွင်း ဆောင်ရွက်အချို့

နေပြည်တော်၊ မေ ၃၀ - စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ဦးကျော်ဝင်းတာဝန်ထမ်းဆောင်စဉ် နှစ်နှစ်တာကာလအတွင်း သိသာထင်ရှားတဲ့ ဆောင်ရွက်မှုအချို့ ရှိပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှာ ဌာနခွဲပေါင်း ၁၈ ခု ရှိပါတယ်။

သည်ထဲမှ စီမံကိန်းရေးဆွဲရေးဦးစီးဌာနအနေနဲ့ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာ အမျိုးသား စီမံကိန်းဥပဒေကို ရေးဆွဲထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မြန်မာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုစီမံချက် (Myanmar Sustainable Developmant Plan-MSDP) ကို ရေးဆွဲနေပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေနဲ့ကတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေသစ်၊ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေနဲ့ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်တို့ကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

ဗဟိုစာရင်းအင်းအဖွဲ့အနေနဲ့ကတော့ စာရင်းအင်းဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) တွေအတွက် JICA မှ ODA ချေးငွေရယူပြီး နှစ်ဆင့်ချေးငွေ (two step loan) အစီအစဉ်ကို စတင်နိုင်ခဲ့ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်ရဲ့



Owned Fund နဲ့ SME လုပ်ငန်းရှင်တွေကို ထုတ်ချေးခြင်းနဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူတွေအတွက် သုံးနှစ်မှ ငါးနှစ်အထိ နှစ်လတ်ချေးငွေတွေကို ထုတ်ချေးနိုင်ခဲ့ပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ကတော့ တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာမှာ လယ်မြေတစ်ဧကကို ကျပ်တစ်သိန်းခွဲနှုန်းနဲ့ ယာမြေတစ်ဧကကို

www.free4readers.com



# အွန်လိုင်းက ဈေးအရောင်းအဝယ်မှာ ယုံကြည်စိတ်ချမှုက အဓိက




ဝယ်ယူသူများအနေနဲ့ ကုန်ပစ္စည်းအရည်အသွေးကွာဟခြင်း၊ ကျသင့်ငွေကို လွှဲပို့လိုက်သော်လည်း ကုန်ပစ္စည်းရောက်မလာဘဲ လိမ်လည်ခံရခြင်းစသည်တို့ ကြုံတွေ့ရတယ်။

**ရန်ကုန်၊ မေ ၃၀–** လူချင်းရင်းနှီးမှုမရှိဘဲ အွန်လိုင်းက တစ်ဆင့် ဈေးရောင်းဈေးဝယ်ပြုလုပ်ရာမှာ ရောင်းချသူနဲ့ ဝယ်ယူသူအကြား ယုံကြည်စိတ်ချရမှုက အဓိက ကြုံတွေ့ရတဲ့အခက်အခဲဖြစ်တယ်လို့ BarLoLo.com က ပြုလုပ်တဲ့ စစ်တမ်းအရ သိရပါတယ်။

အွန်လိုင်းက ဈေးရောင်းဈေးဝယ်ပြုလုပ်သူ နှစ်ရာခန့်ကို BarLoLo.com မှ အွန်လိုင်းပေါ်မှ ဈေးရောင်းဈေးဝယ် ပြုလုပ်ရာမှာ ကြုံတွေ့ရတဲ့ အခက်အခဲနဲ့ပတ်သက်ပြီး စစ်တမ်းတစ်ခု ပြုလုပ်ခဲ့ရာ ဖြေဆိုသူ ၈၃ ရာခိုင်နှုန်းက အဓိက ကြုံတွေ့ရတဲ့ အခက်အခဲမှာ ယုံကြည်စိတ်ချရမှု ဖြစ်ကြောင်း ဖြေဆိုခဲ့တယ်လို့ သိရပါတယ်။ စစ်တမ်းဖြေဆိုသူ ၁၂ ရာခိုင်နှုန်းကတော့ ငွေပေးချေမှုမှာ အဓိက အခက်အခဲဖြစ်ကြောင်း ဖြေဆိုခဲ့ပြီး ကျန်ငါးခိုင်နှုန်းက ကုန်ပစ္စည်းပို့ဆောင်မှုမှာ အဓိက အခက်အခဲဖြစ်ကြောင်း ဖြေဆိုခဲ့တာ ဖြစ်ပါတယ်။ အွန်လိုင်းကတစ်ဆင့် ဝယ်ယူမယ်လို့ ဖုန်းဆက်မှာကြားပြီးနောက် ကုန်ပစ္စည်းသွားရောက်ပို့ဆောင်တဲ့အခါ ပေးထားတဲ့ လိပ်စာတွင် အမှန်တကယ် မရှိခြင်း၊ ထပ်မံဆက်သွယ်၍ မရခြင်း၊ နယ်သို့ ပစ္စည်းပို့ပြီးနောက် ငွေပြန်မလွှဲခြင်းစတဲ့ အခက်အခဲတွေ ကြုံရကြောင်း အွန်လိုင်းမှတစ်ဆင့် ဈေးရောင်းသူ တစ်ဦးကလည်း BarLoLo.com ကို ပြောပါတယ်။

ကုန်ပစ္စည်းတွေကို သုံးစွဲသူဆီ ပို့ဆောင်တဲ့ အခါမှာလည်း စိတ်ချရတဲ့ ကုန်ပစ္စည်းပို့သူများ ရှာဖွေရခြင်း၊ စိတ်ချရတဲ့ငွေပေးချေမှု ပုံစံကိုရှာဖွေရခြင်း စတဲ့အခက်အခဲတွေလည်း ရှိကြောင်း အခြားအွန်လိုင်း ဈေးရောင်းသူများက ပြောတယ်လို့ သိရပါတယ်။

ဝယ်ယူသူများအနေနဲ့လည်း ဓာတ်ပုံထဲက ကုန်ပစ္စည်းနှင့် လာရောက်ပို့ဆောင်တဲ့ ကုန်ပစ္စည်းအရည်အသွေးကွာဟခြင်း၊ ကျသင့်ငွေကို လွှဲပို့လိုက်သော်လည်း ကုန်ပစ္စည်းရောက်မလာဘဲ လိမ်လည်ခံရခြင်းစသည်တို့ ကြုံတွေ့ရတယ်လို့ သိရပါတယ်။

'BarLoLo.com လို ဝက်ဘ်ဆိုက်ပေါ်တင်ရောင်းလိုက်ပြီဆိုတာနဲ့ ရောင်းတဲ့ သူကလဲ ဖုန်းနံပါတ်နဲ့ မှတ်ပုံတင်ရတယ်၊ ပြီးတော့ ကုန်ပစ္စည်းပို့တာနဲ့ ငွေပေးချေမှု ဝန်ဆောင်မှုတွေကို ယုံကြည်စိတ်ချရတဲ့ ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးတဲ့အတွက် ဝယ်တဲ့သူဘက်ကလည်း အဆင်ပြေပြေဝယ်တယ်လို့ ရပါတယ်' လို့ ဆိုပါတယ်။

BarLoLo.com မှ သုံးစွဲသူများအကြား ပြုလုပ်ထားတဲ့ အခြားစစ်တမ်းတွေအရလည်း ရောင်းသူနဲ့ ဝယ်သူကြား ယုံကြည်စိတ်ချရမှုမှာ အွန်လိုင်းမှ ဈေးရောင်း၊ ဈေးဝယ် ပြုလုပ်သင့်၊ မသင့် ဆုံးဖြတ်ရာတွင် အဓိကကျတဲ့အချက်တစ်ချက် ဖြစ်နေတာကို တွေ့ရကြောင်း၊ ထို့ကြောင့် BarLoLo.com အနေဖြင့် ၎င်းတို့အကြား ယုံကြည်စိတ်ချမှုကို တည်ဆောက်ပေးရန် မျှော်မှန်းထားကြောင်း BarLoLo.com ရဲ့ Chief Operation Officer ကိုမင်းမင်း က ပြောပါတယ်။

> “e-Commerce **ကနဦးအစမှာ ရောင်းသူဝယ်သူအကြား ယုံကြည်စိတ်ချရမှု၊ ငွေပေးချေမှုနဲ့ ကုန်ပစ္စည်း ပို့ဆောင်မှုတို့မှာ အဓိကကြုံတွေ့ရတဲ့ အခက်အခဲများဖြစ်တယ်**”

အခြားအရှေ့တောင်အာရှ နိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်စတဲ့ နိုင်ငံတွေမှာလည်း e-Commerce ကနဦးအစမှာ ရောင်းသူဝယ်သူအကြား ယုံကြည်စိတ်ချရမှု၊ ငွေပေးချေမှုနဲ့ ကုန်ပစ္စည်းပို့ဆောင်မှုတို့မှာ အဓိက ကြုံတွေ့ရတဲ့ အခက်အခဲများဖြစ်ခဲ့ပြီး Online Marketplace တွေက အဓိက အရေးပါတဲ့ အဖြေဖြစ်ခဲ့တယ်လို့လည်း သိရပါတယ်။

**လိမ္မာ**

## ရှော့ပင်းအပြင် တခြားစီးပွားရေးတွေပါ အွန်လိုင်းမှာ လုပ်ကိုင်နိုင်တယ်



ကိုယ်တတ်ထားတဲ့ လက်မှုပညာတွေကို အွန်လိုင်းက ပြန်လည်သင်ကြားပေးတာတွေကို ပြုလုပ်နိုင်ပါတယ်။

**ရန်ကုန်၊ မေ ၃၀ –** အခုနောက်ပိုင်း ဆိုရှယ်မီဒီယာကို လူသုံးများလာတာကြောင့် အွန်လိုင်းရှော့ပင်းအပြင် အွန်လိုင်းကနေ တခြားစီးပွားရေးတွေပါ လုပ်ကိုင်နိုင်တယ်လို့ သိရပါတယ်။

အိမ်ရှင်မတွေတော့ တစ်နိုင်တစ်ပိုင်အနေနဲ့ အွန်လိုင်းရှော့ပင်းကိုသာ အများဆုံးလုပ်ကိုင်ကြတာပါတယ်။ အွန်လိုင်းရှော့ပင်းလုပ်ကိုင်တယ်ဆိုရင် ပစ္စည်းတွေကို တခြားပေ့ချ်တွေကတစ်ဆင့်ယူပြီး ပြန်လည်ရောင်းချနိုင်တာကြောင့် အွန်လိုင်းရှော့ပင်းကိုလုပ်ကိုင်သူများလာတာ ဖြစ်ပါတယ်။ အွန်လိုင်းကနေ အထည်တွေကို အရောင်းအဝယ်မလုပ်ချင်တဲ့သူတွေကကျတော့ အိမ်မှာနေရင်းထမင်းဟင်းတွေ ချက်ရောင်းတာမျိုးတွေ၊ ဈေးဝယ်ပေးတာမျိုးတွေနဲ့ ကိုယ်တတ်ထားတဲ့ လက်မှုပညာတွေကို အွန်လိုင်းကပြန်လည်သင်ကြားပေးတာတွေကိုပြုလုပ်နိုင်ပါတယ်။

လက်မှုပညာသင်တန်းတွေဆိုရင်လည်း အခုနောက်ပိုင်းမှာ စိတ်ဝင်စားတဲ့သူတွေ အများအပြားရှိနေတာကြောင့် ဈေးနှုန်းသက်သက်သာသာနဲ့ သင်ကြားပေးတဲ့သူတွေရှိတယ်ဆိုရင် သင်ယူမယ့်သူတွေ အများအပြားရှိလာနိုင်မှာဖြစ်ပါတယ်။ အရင်တုန်းကတော့ အွန်လိုင်းကနေ သီးမွှေးထိုးနည်းသင်ကြားပေးတာတွေ၊ အိတ်ထိုးနည်းတွေအပြင်စက်ချုပ်၊ အင်္ဂလိပ်စာစတဲ့ သင်တန်းတွေကိုလည်းသင်ကြားပေးကြသလို အခုနောက်ပိုင်းမှာတော့ ပန်းအစစ်ကိုအသုံးပြုပြီးလုပ်ထားတဲ့ ဟန်းမိတ်ပြုလုပ်နည်းတွေကိုလည်းသင်ကြားပေးနေကြပါတယ်။

သည့်လိုသင်တန်းတွေကိုဆိုရင် သင်တန်းကြေးတွေက ကျပ် ၅၀၀၀ကနေ ကျပ် ၂၀,၀၀၀ဝန်းကျင်လောက်မှာရှိပါတယ်။ အွန်လိုင်းကနေ သင်ကြားတာမျိုး မဟုတ်ဘဲအပြင်မှာသင်တန်းတွေ သွားရောက်တက်တယ်ဆိုရင်တော့ ဈေးနှုန်းက ကျပ် ၈၀,၀၀၀ လောက်ရှိပါတယ်။ အွန်လိုင်းကနေ ဈေးနှုန်းသက်သက်သာသာနဲ့ သင်ကြားပေးတယ်ဆိုရင်တော့ တက်ရောက်တဲ့သူတွေ အများအပြားရှိလာနိုင်ပါတယ်။

**လိမ္မာ**

## ဟန်းမိတ်ပစ္စည်းတွေ အွန်လိုင်းမှာ ခေတ်စားနေတယ်

**ရန်ကုန်၊ မေ ၃၀–** အခုတလော အွန်လိုင်းမှာ ရယ်ဒီမိတ်ပစ္စည်းတွေထက် ဟန်းမိတ်ပစ္စည်းတွေ ပိုပြီး ခေတ်စားနေပါတယ်။

အခုနောက်ပိုင်းမှာတော့ ပြည်တွင်းက လူငယ်တွေရောပြည်ပက လူတွေပါ ဟန်းမိတ်ပစ္စည်းတွေကို စိတ်ဝင်စားကြပြီး လုပ်ကိုင်တဲ့သူတွေလည်းအများအပြား ရှိလာပါတယ်။ အဝတ်အထည်တွေကို ဟန်းမိတ်တွေ ပြုလုပ်လာတာ ခေတ်စားသလိုပဲ အသုံးအဆောင်ပစ္စည်းတွေကိုလည်း ဟန်းမိတ်တွေလုပ်ပြီး ရောင်းချလာတာတွေလည်း ရှိလာပါတယ်။

ဟန်းမိတ်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေက သာမန်ပစ္စည်းတွေထက် ဈေးနှုန်းပိုများတတ်ပေမဲ့ ဝယ်ယူတဲ့သူတွေ အများပြားရှိနေတာဖြစ်တယ်လို့ သိရပါတယ်။

သာမန်ရောင်းချနေတဲ့ ပစ္စည်းတွေထက်ကို ဟန်းမိတ်ပစ္စည်းတွေကတော့ အခုနောက်ပိုင်း တော်တော်လေးခေတ်စားလာတာ ဖြစ်ပါတယ်။



ကိုယ်တိုင်လုပ်ပြီး ရောင်းချနေတဲ့ ဟန်းမိတ်ပစ္စည်းတွေရဲ့ ဈေးနှုန်းတွေကတော့ သောင်းကျော်ကနေ သိန်းဂဏန်းကျော်ကျော်လောက်အထိ ရှိတယ်ဆိုပေမဲ့ ဝယ်ယူသူတွေဘက်ကတော့ ဟန်းမိတ်ပစ္စည်းတွေဆိုရင် ဈေးနှုန်းဘယ်လောက်များများ ဝယ်ယူတတ်ကြတယ်လို့လည်း သိရပါတယ်။

**လိမ္မာ**

www.free4readers.com



# စိန်တလုံးသရက် စိုက်ပျိုးမယ်ဆိုရင် . . .



ကိုင်းကူးစိုက်ပျိုးသူတွေအနေနဲ့ သုံးနှစ်လောက်ဆိုရင် အသီးခူးဆွတ်ရောင်းချနိုင်တယ်။

**ရေစကြို၊ မေ ၃၀** – ယခုအချိန်ဟာ စိန်တလုံးသရက် ခူးဆွတ်ရချိန်ဖြစ်ပြီးတော့ နှစ်တိုင်းထက် ဈေးနှုန်းလျော့နည်းနေပါတယ်။

စိန်တလုံးသရက်တောင်သူ ဦးဝင်းနိုင်က 'စစ်ပွဲတွေဖြစ်တော့ စိန်တလုံးဈေးက မူဆယ်ဈေးကတော့ နည်းနည်းကျတယ်၊ မူဆယ်ဈေးကျတော့ ပြည်တွင်းထဲမှာ များနေတော့ ပြည်တွင်းမှာလဲဈေးကတော့ ကျနေတယ်၊ ပြည်တွင်းမှာ နှစ်တိုင်းထက် ပစ္စည်းများနေတယ်' လို့ ပြောပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်းမှာ ဧပြီနဲ့ မေလ နှစ်လက ခူးလို့ရတဲ့ အချိန်ဖြစ်တယ်။ ပျော်ဘွယ်မြို့မဈေးနဲ့ ရေစကြိုမြို့မဈေးတို့မှာ နှစ်စဉ် စိန်တလုံးသရက်ဈေးနှုန်းက ၁၀၀၀ ဖိုး သုံးလုံး၊ လေးလုံးရှိခဲ့တယ်။ အခုနှစ်မှာ ၁၀၀၀ ဖိုး ခြောက်လုံး၊ ၁၀၀၀ ဖိုး ၁၀ လုံးအထိ ဈေးနှုန်းကျဆင်းနေပါတယ်။

မြန်မာနိုင်ငံအလယ်ပိုင်းက စိန်တလုံးသရက် စိုက်ပျိုးလိုသူတွေအနေနဲ့ အခုလမှာ စိုက်ပျိုးလို့ရပြီဖြစ်တယ်။ မိုးနည်းဒေသဖြစ်တဲ့အတွက် ရေများများလောင်းပြီး စိုက်ပျိုးရတယ်လို့ သိရပါတယ်။ မိုးကျခါနီးအချိန်ဆိုရင်စိုက်ပျိုးလို့ အကောင်းဆုံးဖြစ်ပါတယ်။ စိန်တလုံးမှာ အစေ့စိုက်ကို အများဆုံးစိုက်ပျိုးကြပါတယ်။

စိုက်ပျိုးခါစမှာ မြေသြဇာကို အောက်ကခံပြီး စိုက်ပျိုးရပါတယ်။ အပင်ခြေမှာ နွားချေး၊ ဖွဲပြာ၊ မြေဆွေးတို့ကို ရောနယ်ပြီး စိုက်ပျိုးရပါတယ်။ မြေသြဇာများရင် များသလို ရေများများ လောင်းပေးရတယ်။ အပင်ခြေကိုလည်း မကြာခဏမြေဆွပြီး အပင်အနီးတဝိုက် နေရာတွေကို ပေါင်းရှင်းပေးမှ အပင်သန်မှာ ဖြစ်ပါတယ်။

'ပေါင်းတွေထူနေပြီဆိုရင် မကြာမကြာ ရှင်းပေးရမှာပေါ့၊ ပေါင်းထူရင် ထူသလို ရှင်းပေးရမှာပေါ့၊ ရေပေးတာကတော့ အမျိုးမျိုးပေးကြတယ်၊ တချို့ကလဲ ပိုက်နဲ့ပေးတယ်၊ တချို့ကလဲ မြောင်းနဲ့ပေးတယ်၊ အများကြီး စိုက်မယ်ဆိုရင် ပိုက်စနစ်နဲ့ စဉ်ထားမယ်ဆိုရင် ကောင်းတယ်၊ မြောင်းစနစ်နဲ့ ဆိုရင်တော့ ရေထွက် အားကောင်းမှုဖြစ်မယ်' လို့ သရက်စိုက်တောင်သူ ဦးဖိုးနိုင်က ပြောပါတယ်။

## ပင်ခြား၊ တန်းခြား

အစေ့စိုက်သူတွေအနေနဲ့ တစ်ပင်နဲ့တစ်ပင် ပင်ခြားတန်းခြား ၂၅ ပေလောက်ခွာသင့်ပြီး အပင်ကို ပုအောင် ပြုပြင်ထားမယ်ဆိုရင် ၁၅ ပေလောက် ထားသင့်ပါတယ်။ ကိုင်းကူးစိုက်ပျိုးမယ့်သူတွေအနေနဲ့ အပင်စိတ်ပြီး စိုက်ပျိုးနိုင်ပါတယ်။

အစေ့စိုက်မယ်ဆိုရင် တစ်ကေကို ၇၀ ဝန်းကျင်နဲ့ ၁၀၀ ကြားထဲ စိုက်ပျိုးသင့်တယ်လို့ သိရပါတယ်။

သရက်စိုက်ပျိုးတောင်သူ ဦးဝင်းနိုင်က 'တချို့ကျတော့လဲ ကိုင်းခုတ်ပြုပြင်ပြီး စိုက်မယ်ဆိုလဲအပင် ၂၅၀၊ ၂၀၀ လောက် ဆံ့အောင် စိုက်တဲ့သူတွေလဲရှိတယ်၊ ကိုင်းကူးဆိုရင်တော့ အပင် ၁၀၀ ကျော်ဝန်းကျင်ပေါ့၊ အဲဒီလိုစိုက်ကြတယ်' လို့ ပြောပါတယ်။

အစေ့စိုက်အသီးခူးဆွတ်ရချိန်ကတော့ စတင်စိုက်ပျိုးပြီး လေးနှစ်ခွဲ ငါးနှစ်လောက်မှ ခူးဆွတ်ရပါတယ်။ အပင်ပြုစုတဲ့အပေါ် မူတည်ပြီးတော့ ခူးဆွတ်ရချိန် အနည်းငယ်ကွာခြားတယ်။ ကိုင်းကူးစိုက်ပျိုးသူတွေအနေနဲ့ သုံးနှစ်လောက်ဆိုရင် အသီးခူးဆွတ်ရောင်းချနိုင်တယ်လို့ သိရပါတယ်။

အသီးလှိုင်လှိုင် သီးဖို့ မြေသြဇာထည့်တာ၊ ရေတိုက်တာ၊ ပေါင်းရှင်းတာတွေကို ပုံမှန်ပြုလုပ်ပေးမယ်ဆိုရင် အသီးသီးချိန်မှာ လှိုင်လှိုင်သီးနိုင်ပါတယ်။ အသီးသီးချိန်မှာလည်း အသီးတင်ဖို့ မြေသြဇာပိုမိုကျွေးရမှာပါ။ အရည်အသွေးမြင့်တဲ့ မြေသြဇာတွေကို ပိုမိုကျွေးဖို့ လိုပါတယ်။

အသီးအရွယ်အစား လက်ဖက်ရည်ပန်းကန်လုံးအရွယ်လောက်ရှိရင် စတင်အိတ်စွပ်ရပါပြီ။ အသီးခါပြီး(အသီးကင်းကြွေ) အချိန်လောက်ဆိုရင် စတင်အိတ်စွပ်ရတယ်လို့ သိရပါတယ်။

> **"တစ်နှစ် တစ်နှစ်ရဲ့ ဝင်ငွေက ခြံပြတ်ရောင်းရင် ၃၅ သိန်းလောက်ရတယ်၊ ဒီလုပ်ငန်းက အဆင်ပြေပါတယ်၊ မြေရှိဖို့တော့ လိုတာပေါ့"**

'စိန်တလုံးသရက်ကို စိုက်သင့်ပါတယ်၊ ဦးကတော့ အပင် ၁၅၀ လောက် စိုက်ပျိုးထားတယ်၊ စိန်တလုံးသရက်ချိန်ရောက်ပြီဆိုရင် တစ်နှစ် တစ်နှစ်ရဲ့ဝင်ငွေက ခြံပြတ်ရောင်းရင် ၃၅ သိန်းလောက်ရတယ်၊ ဒီလုပ်ငန်းက အဆင်ပြေပါတယ်၊ စီးပွားရေးလုပ်ငန်းတစ်ခုအနေနဲ့ လုပ်မယ်ဆိုရင် အရင်းအနှီးကလဲ များများစားစားကြီး မလိုဘူး၊ မြေရှိဖို့တော့ လိုတာပေါ့' လို့ စိန်တလုံးသရက် စိုက်ပျိုးသက်တမ်း ၁၃ နှစ်ကျော်ရှိတဲ့ သရက်တောင်သူတစ်ဦးက ပြောပါတယ်။

သရက်ကို ခြံပြတ်ရောင်းမယ်ဆိုရင် အိတ်စွပ်စရာမလိုဘဲ ခြံဝယ်တဲ့သူပွဲက လာရောက်လုပ်ကိုင်ကြတာဖြစ်တဲ့အတွက် ခြံစိုက်သူအနေနဲ့ အလုပ်ရှုပ်သက်သာသလို အသားတင် ငွေကြေး တစ်လုံးတည်း ရရှိမှာပါ။ ခြံပြတ်ဝယ်ယူသူတွေကတော့ သရက်ကို လိုက်လံခူးဆွတ်ရတဲ့ငွေကြေး၊ သရက်အိတ်စွပ်ရတဲ့ငွေကြေးတွေကို အကုန်ကျခံရတာကြောင့် သရက်ဈေးနှုန်းပေါ် မူတည်ပြီး အမြတ်ငွေ ကွာခြားသွားပါတယ်။

**နိုင်စာရည်မောင်**

# စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရေး၊ ဈေးကွက်ယှဉ်ပြိုင်နိုင်ရေး ဆွေးနွေးတင်ပြ

**နေပြည်တော်၊ မေ ၃၀** – စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပြန်လည်ဦးမော့လာဖို့ စီးပွားရေးအဖွဲ့အစည်းတွေရဲ့အကြံပြုချက်တွေ၊ ဘဏ်သစ်တွေ ဖွင့်လှစ်ဖို့ ခွင့်ပြုချက်တွေ သည်တစ်ပတ်အတွင်း ရှိနေပါတယ်။

ကုန်သည်စက်မှုအသင်းချုပ် UMFCCI မှာ ပြုလုပ်ခဲ့တဲ့ B4B Insights Forum ရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲရမယ့်ဆွေးနွေးချက်တွေကို အသင်းချုပ်က ထုတ်ပြန်ထားပါတယ်။

အဲသည်ဖိုရမ်မှာ စီးပွားရေးလုပ်ငန်းရှင်တွေ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲရမယ့်အချက်တွေကို တင်ပြခဲ့ကြတယ်လို့ သိရပါတယ်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးဖို့ ကျေးလက်ဒေသတွေမှာ အသေးစားချေးငွေတွေရရှိအောင် Micro Finance နဲ့ ဘဏ်လုပ်ငန်းကဏ္ဍတို့က ကူညီပံ့ပိုးပေးဖို့၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့လည်း ချေးငွေထုတ်ပေးတဲ့ကဏ္ဍမှာ ပြုပြင်ပြောင်းလဲပေးရမယ့် လိုအပ်ချက်တွေကို ဆွေးနွေးခဲ့ကြပါတယ်။

ဒါ့အပြင် စိုက်ပျိုးထုတ်ကုန်ကွင်းဆက်တစ်ခုလုံးကို ချေးငွေထုတ်ပေးနိုင်ဖို့ Micro Finance တစ်ခုတည်းနဲ့ မလုံလောက်တာကြောင့် အစိုးရဘက်က Development Bank, Commercial Bank တွေကိုလည်း ရပ်တည်နိုင်အောင် လုပ်ဆောင်ပေးဖို့ လိုအပ်နေတာတွေ၊ ပြည်ပကနေ ရင်းနှီးမြှုပ်နှံသူတွေ ဝင်ရောက်လာဖို့ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သူတွေအတွက် ရာသီဥတုကြောင့် ဆုံးရှုံးမှုတွေကို အခြေခံထားတဲ့ အာမခံတွေ ထားရှိပေးဖို့လိုအပ်တဲ့ အကြောင်းတွေကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

## တာဝန်ယူမှု၊ တာဝန်ခံမှု

အစိုးရကနေ ဟင်းသီးဟင်းရွက်၊ သီးနှံအာမခံတွေ လုပ်ပေးဖို့ လိုအပ်နေတာ၊ တောင်သူနဲ့ ဝယ်ယူသူကုမ္ပဏီတွေအကြား တာဝန်ယူမှု၊ တာဝန်ခံမှု အချင်းချင်းရှိစေဖို့ Contract Firming Law ကို ချမှတ်ပေးဖို့လိုအပ်နေတာတွေကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

ပြည်တွင်းအသေးစား စိုက်ပျိုးထုတ်လုပ်သူတွေအတွက် လိုအပ်တဲ့ စိုက်ပျိုးရေးအသုံးစရိတ်တွေကို အစိုးရက ချေးငွေထုတ်ပေးအောင် ပြည်ပက လာရောက် စိုက်ပျိုးတဲ့ ထုတ်လုပ်သူတွေနဲ့ ယှဉ်ပြိုင်နိုင်အောင် ကူညီပံ့ပိုးမှုတွေ ပြုလုပ်ပေးဖို့ လိုအပ်နေတယ်လို့ သိရပါတယ်။

ပြည်တွင်းမှာ စိုက်ပျိုးတဲ့ တောင်သူတွေ အနေနဲ့ ပြည်ပက လာရောက်ရင်းနှီးစိုက်ပျိုးသူတွေနဲ့ ယှဉ်ပြိုင်ရတဲ့အခါမှာ ဈေးကွက်ရရှိဖို့အခက်အခဲတွေ၊ ငွေကြေးရင်းနှီးဖို့ အခက်အခဲတွေ ကြုံတွေ့နေရတာကြောင့် အစိုးရကနေ ပြည်တွင်းစိုက်ပျိုးတဲ့ တောင်သူတွေကို ဥပဒေတွေ၊ ငွေကြေးပံ့ပိုးပေးမှုတွေ စတဲ့ အကာအကွယ်တွေပေးဖို့ လိုအပ်နေတယ်လို့ ဆွေးနွေးကြပါတယ်။

ပြည်ပဈေးကွက်နဲ့ ပြည်တွင်းဈေးကွက်ကို ဖြန့်ဖြူးရောင်းချရာမှာလည်း ကျန်းမာရေးနဲ့ ညီညွတ်မှု ရှိမရှိနဲ့ ပိုးသတ်ဆေးဓာတ်ကြွင်းတွေ စစ်ဆေးနိုင်ဖို့ အစိုးရကနေ ဓာတ်ခွဲခန်းတွေ တည်ဆောက်ပေးဖို့လည်း လိုအပ်နေပါတယ်။



## ဘဏ်အသစ်တွေ

ပုဂ္ဂလိကဘဏ် ငါးခုကို ထပ်မံခွင့်ပြုပေးသွားဖို့ရှိနေပြီး ဘဏ်လေးခုကိုတော့ မကြာခင် ခွင့်ပြုချက်ထုတ်ပေးသွားမယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက မြန်မာနိုင်ငံတော် ဗဟို ဘဏ်ကို လျှောက်ထားတဲ့ပုဂ္ဂလိကဘဏ်တွေဖြစ်တဲ့ တောင်သူလယ်သမားဖွံ့ဖြိုးရေးဘဏ်၊ ကျောက်မျက်ဘဏ်၊ ခရီးသွားလာရေးဘဏ်နဲ့ မန္တလေးတောင်သူလယ်သမားဘဏ်တွေကို မကြာခင်မှာ ခွင့်ပြုပေးသွားမှာဖြစ်ပြီး ဘဏ်တစ်ခုကိုတော့ စိစစ်နေတယ်လို့ ပြောပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ပုဂ္ဂလိကဘဏ်တွေအတွက် အတိုးနှုန်းကိုငွေစုဘဏ်အပ်ငွေ၊ ငွေစုလက်မှတ်နဲ့ အချိန်စေ့မှ ပေးအပ်ရမယ့် ငွေတို့အပေါ်မှာ ပေးရမယ့် အတိုးနှုန်းကို ဗဟိုဘဏ်အတိုးအောက် နှစ်ရာခိုင်နှုန်းထက်မနည်းဖို့ ချေးငွေတွေအပေါ်မှာ တောင်းခံနိုင်တဲ့ အမြင့်ဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးထက် သုံးရာခိုင်နှုန်းအထက် မကျော်လွန်စေဖို့ သတ်မှတ်ထားပါတယ်။ လက်ရှိမြန်မာနိုင်ငံတော် ဗဟိုဘဏ်ရဲ့ အတိုးနှုန်းမှာ ၁၀ ရာခိုင်နှုန်းဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေအရအတိုးနှုန်းကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်မယ့် အခြေခံတွေကို ချမှတ်နေဆဲဖြစ်ပြီး အတိုးနှုန်းလျှော့တာ၊ မြှင့်တာတွေကို ဆက်လက်ဆောင်ရွက်မယ်လို့ သိရပါတယ်။

**အောင်မင်းသိန်း**

www.free4readers.com



# အိမ်ခြံမြေ အငှားဈေးကွက် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်ခဲ့တဲ့ မေလ

ရန်ကုန်၊ မေ ၂၉ – မေလတစ်လတာ အိမ်ခြံမြေဈေးကွက် အနေအထားမှာ အငှားဈေးကွက် မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

ဒါ့အပြင် ဈေးတန်းတွေလည်း အရင်နှစ်ထက် ပိုမိုမြင့်တက်လာခဲ့ပါတယ်။ အရောင်းအဝယ်ပိုင်းကတော့ အရှိန်ယူနေပြီး အားရစရာကောင်းတဲ့ဈေးကွက်ဝန်းကျင်တစ်ခု ပေါ်ပေါက်လာရေး အချိန်တစ်ခုယူရဦးမယ်လို့လည်း အိမ်ခြံမြေအသိုင်းအဝိုင်းက ခန့်မှန်း သုံးသပ်ပြောဆိုကြပါတယ်။

သင်္ကြန်အပြီးကာလ၊ ဝါတွင်းနီးကပ်လာချိန်တွေမှာ အိမ်ခြံမြေအငှားအား နှစ်စဉ် ကောင်းခဲ့တဲ့နည်းတူ အခုနှစ်တွင်လည်း အားကောင်းနေဆဲပင် ဖြစ်ပါတယ်။

နေထိုင်ဖို့ ငှားရမ်းတာတွေ ပုံမှန်ရှိနေပေမဲ့ စီးပွားရေးလုပ်ကိုင်ဖို့ ငှားရမ်းမှုတွေကတော့ နှေးစဉ် မြင့်တက်နေပါတယ်။ မြင့်လာတာနဲ့အမျှ ဈေးတန်းကလည်း တစ်စတစ်စပိုမိုမြင့်တက်လာကာ လမ်းမတန်းဆိုင်နေရာတွေကတော့ နေရာအကွက်အကွင်းပေါ် မူတည်ပြီး သိန်း ၁၀၀ ဝန်းကျင်အထိ ပေါက်ဈေး ရှိနေပါတယ်။

မေလအတွင်း အိမ်ခြံမြေဈေးကွက်အခြေအနေတွေကို ဖော်ပြပေးလိုက်ပါတယ်။

### မြို့တွင်းခြောက်မြို့နယ်

အငှားပိုင်းမှာ ထိပ်ဆုံးက ဦးဆောင်နေပါတယ်။ စီးပွားရေးဆိုင်ရာ အငှားတွေ၊ လူနေထိုင်ဖို့ အငှားတွေနဲ့ အတူ မြိုင်မြိုင်ဆိုင်ဆိုင် အားကောင်းခဲ့ တယ်လို့ သိရပါတယ်။

အရောင်းဖြစ်ထွန်းမှု အပိုင်းမှာတော့ မရှိသလောက် အားနည်းနေပါတယ်။ အငှားပိုင်းဈေးကွက်မှာ သင်္ကြန်လွန်ကာလနောက်ပိုင်း ပိုမိုအငှားသွက်ခဲ့ပြီး ဈေးကွက်မြင့်နေဆဲ ဖြစ်ကြောင်းလည်း အခြေစိုက် အကျိုးဆောင်တွေဆီက သိရပါတယ်။

### ရန်ကင်း၊ ဗဟန်း၊ တာမွေ

သည်မြို့နယ်တွေကတော့ မြေနေရာ အတော်များများ ကျန်ရှိနေသေးတာကြောင့် အရောင်းအဝယ်ဖြစ်တဲ့အတွက် အမေးအမြန်းရှိပါတယ်။ အငှားပိုင်းမှာတော့ အားကောင်းတယ်လို့ သိရပါတယ်။

တာမွေဘက်မှာဆိုရင် လူနေတိုက်ခန်းတွေအပြင် လမ်းမတန်းမြေနေရာတွေပါ ဆိုင်ခန်းဖွင့်၊ စီးပွားရေးလုပ်ကိုင်ဖို့အတွက် ငှားရမ်းမှုတွေများပြားခဲ့ပါတယ်။ ဈေးနှုန်းအရလည်း ယခင်နှစ်ထက်ကို ပိုမိုမြင့်တက်လာတယ်လို့ သိရပါတယ်။


စီးပွားရေးလုပ်ကိုင်ဖို့ ငှားရမ်းမှုတွေကတော့ နေ့စဉ် မြင့်တက်နေပါတယ်။

### ဒဂုံလေးမြို့နယ်

ဒဂုံမြို့သစ်အရှေ့၊ တောင်၊ မြောက်၊ ဆိပ်ကမ်းအားလုံးမှာ အရောင်းအဝယ်အရှိန်ယူနေသလိုအငှားလည်းအားကောင်းနေပါတယ်။ အငှားပိုင်းမှာတော့ သည်မြို့နယ်တွေမှာ နေထိုင်ဖို့အတွက် အဓိကထားငှားရမ်းနေကြတာကို တွေ့ရပါတယ်။

အရောင်းအဝယ်ပိုင်းမှာ သိန်း ၁၀၀၀ အောက်ဝန်းကျင်တွေ အလုပ်ဖြစ်နေပြီး အငှားပိုင်းမှာတော့ တစ်သိန်းကစပြီး ၁၂ သိန်း ဝန်းကျင်တွေအထိ အားကောင်းနေပါတယ်။

### စက်မှုဇုန်

လက်ရှိအချိန်ကာလမှာတော့ အရောင်းအဝယ်အငှားအေးစက်နေဆဲပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ မြေနေရာယူထားပြီး လုပ်ကိုင်ခြင်းမရှိတဲ့ စက်မှုဇုန်မြေနေရာတွေနဲ့ ပတ်သက်ပြီး ရန်ကုန်တိုင်းလွှတ်တော်မှာ ပြောဆိုမှုတွေရှိတာကြောင့် မကြာခင်မှာ ပြန်လည် လှုပ်ခတ်လာမယ့်အရိပ်အယောင်တွေသန်းနေပါတယ်။ အရင်ကာလတွေတုန်းကလည်း သည်လိုသတင်းစကားတွေထွက်ပြီးရင် အရောင်းအဝယ်တွေပြန်လှုပ်ခဲ့တဲ့ ဖြစ်စဉ်တွေရှိခဲ့တယ်လို့လည်း သိရပါတယ်။

**မေသက်**

# မိမိအိမ်ရှေ့ရှိ အများပြည်သူပိုင်လမ်းပေါ် ကျူးကျော်ဆောက်လုပ်ခွင့် ရှိမရှိ

ရန်ကုန်၊ မေ ၂၉ – ရန်ကုန်မြို့တော်စည်ပင်နယ်နိမိတ်အတွင်းရှိ အများပြည်သူပိုင် လမ်းပေါ်ကို အဆောက်အအုံတစ်ခုခု ကျူးကျော်ဆောက်လုပ်ထားပြီးတဲ့ လသာဆောင်၊ စမုတ်ဆောင်၊ ဆင်ဝင်၊ နေကာ၊ တံစက်မြိတ်၊ လှေကားထစ်၊ အုတ်ခုံ၊ အုတ်မြစ်၊ ဆင်ခြေလျှော၊ မိလ္လာကန်၊ ယာယီမဏ္ဍပ်တွေကို ကျူးကျော်ခွန် ကောက်ခံရယူပြီးပါက စည်ပင်မှဆက်လက် တည်ရှိခွင့်၊ တည်ဆောက်ခွင့် ပြုနိုင်ပါတယ်။

ကျူးကျော်အဆောက်အအုံတစ်ခုခုမှ ပြည်သူပိုင်လမ်းပေါ်သို့ ကျော်လွန်ကာ တည်ဆောက်လိုသူဟာ သတ်မှတ်ချက်တွေနဲ့အညီ စည်ပင်သာယာရေးကော်မတီကို လျှောက်ထားရပါမယ်။

ကျူးကျော်ခွန်ကောက်ခံရာတွင် လမ်းပေါ်သို့ ကျူးကျော်ဆောက်လုပ်ထားတဲ့ ထုထည်၊ အတိုင်းအတာ၊ ဧရိယာအပေါ်မူတည်ကာတွက်ချက်ကောက်ခံရပါတယ်။ အဆောက်အအုံဆောက်လုပ်ရာတွင် သုံးစွဲသည့်ပစ္စည်းများ လမ်းဘေးတွင် စုပုံထားသည်ကိုမူ ယာဉ်သွားယာဉ်လာ ထိခိုက်မှုရှိမရှိ၊ လမ်းသွားလမ်းလာထိခိုက်မှုရှိမရှိ၊ ပလက်ဖောင်း၊ ရေမြောင်း၊ လမ်းအကျယ်ကို တွက်ချက်ကာသတ်မှတ်အတိုင်းအတာတွေအရ ခွင့်ပြုနိုင်ပါတယ်။ ခွင့်ပြုကာလကိုပါ သတ်မှတ်ပြီး အများပြည်သူမြင်နိုင်အောင် ချိတ်ဆွဲထားရပါမယ်။ ခွင့်ပြုကာလအတွင်း မပြီးဆုံးသေးပါက စည်းကမ်းသတ်မှတ်ကာ ကာလ တိုးမြှင့်ပေးနိုင်ပါတယ်။

အများပြည်သူပိုင်လမ်းပေါ်မှာ ဆောက်လုပ်ရေးပစ္စည်းများ စုပုံကျူးကျော်ခွင့်ကို ဧရိယာအပေါ် အခြေခံကာ စည်းကြပ်ကောက်ခံနိုင်ပါတယ်။ စုပုံကျူးကျော်ထားတဲ့ အချိန်ကာလအပေါ် မူတည်ပြီး ကျူးကျော်ခွန်ကို တိုးမြှင့်ကောက်ခံနိုင်ပါတယ်။

လိုအပ်ရင် ကျူးကျော်ခွင့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ပြန်လည်ပယ်ဖျက်နိုင်ကြောင်း သိရပါတယ်။

**မေသက်**

## ရန်ကုန်မြို့အတွင်း ရောင်းဝယ်ဖြစ်ခဲ့တဲ့ အိမ်ခြံမြေစာရင်း

| မြို့နယ် | အမျိုးအစား | အကျယ်အဝန်း | ဈေးနှုန်း (ကျပ်) |
|---|---|---|---|
| အလုံ သရဖီလမ်း | ပထမထပ် | ၁၂ ပေခွဲ x ပေ၅၀ | သိန်း ၆၀၀ |
| စမ်းချောင်း ရန်အောင်လမ်း | မြေညီ | ၁၄ ပေ x ပေ၅၀ | သိန်း ၁၁၀၀ |
| မရမ်းကုန်း သမိုင်းလမ်းဆုံ | ပထမထပ် | ၁၈ ပေ x ပေ၄၀ | သိန်း ၅၅၀ |
| ဒေါပုံ စံပြ (၄) လမ်း | သုံးလွှာ | ၁၂ ပေခွဲ x ပေ၅၀ | သိန်း ၂၈၀ |
| ကမာရွတ် ဓမ္မာ့သီရိလမ်း | လေးလွှာ | ၁၄ ပေ x ၄၅ ပေ | သိန်း ၅၈၀ |
| တောင်ဥက္ကလာ (၁၃)ရပ်ကွက် | သုံးလွှာ | ၁၆ပေ x ၄၅ပေ | သိန်း ၃၈၀ |
| ကြည့်မြင်တိုင် ထီးတန်းလမ်း | ငါးလွှာ | ၁၈ ပေ x ပေ၄၀ | သိန်း ၂၈၀ |
| သာကေတ ထူပါရုံ(၁၅)လမ်း | နှစ်လွှာ | ၁၈ပေx၅၄ ပေ | သိန်း ၅၅၀ |
| တောင်ဥက္ကလာ ရာဇဓိရာဇ်လမ်း | ခြောက်လွှာ | ၁၈ ပေ x ၅၅ ပေ | သိန်း ၃၂၀ |

**လိမ္မာ**

# အိမ်ရာနေထိုင်သူတွေ နောက်ကျကြေး တစ်ရက် ၀.၁ ရာခိုင်နှုန်း ပေးဆောင်ရမည်

ရန်ကုန်၊ မေ ၂၉ – ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHD Bank) နဲ့ ချိတ်ဆက်ရောင်းချတဲ့ အိမ်ရာဝယ်သူတွေအနေနဲ့ ငွေပေးချေမှုကို လဆန်း ၅ ရက်ထက်နောက်ကျပေးသွင်းတာကို ဒဏ်ကြေးအဖြစ် တစ်လကို ကျပ် ၅၀၀၀ ပေးဆောင်ရမှာဖြစ်သလို ပျက်ကွက်တဲ့ ငွေပမာဏအပေါ် မူတည်ပြီး နောက်ကျကြေး တစ်ရက်ကို ၀.၁ရာခိုင်နှုန်း ကောက်ခံသွားမှာဖြစ်တယ်လို့ သိရပါတယ်။

အရင်က နောက်ကျကြေး ကျပ် ၅၀၀၀ နဲ့ ကိုယ်ဝယ်ထားတဲ့ ပမာဏရဲ့ ၀.၀၄ ရာခိုင်နှုန်းကောက်ခံခဲ့တာပါ။ လက်ရှိမှာ နောက်ကျကြေးကျပ် ၅၀၀၀နဲ့ ၀.၁ရာခိုင်နှုန်းကို ကောက်ခံသွားမှာဖြစ်ကြောင်း ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်က သိရပါတယ်။

လက်ရှိမှာ အစိုးရက ရောင်းချနေတဲ့ အိမ်ရာတွေမှာ လှိုင်သာယာမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရွှေပြည်သာမြို့နယ်နဲ့ ဒဂုံဆိပ်ကမ်းမြို့နယ်တွေက တန်ဖိုးနည်း တန်ဖိုးသင့်တွေ ရောင်းချပေးသွားမှာဖြစ်ပြီး ရောင်းချမယ့် တိုက်ခန်းဈေးနှုန်းတွေမှာ ကျပ် ၉၈ သိန်းဝန်းကျင်ကနေ ကျပ်သိန်း ၃၀၀၊ ကျပ်သိန်း ၅၀၀၊ ကျပ်သိန်း ၆၀၀ အထိ တိုက်ခန်းတွေပါဝင်ပါတယ်။

တိုင်းအစိုးရအဖွဲ့က တန်ဖိုးနည်း၊ တန်ဖိုးသင့်တိုက်ခန်းပေါင်း ၈၆၂ ခန်းကို ရောင်းချပေးမှာ ဖြစ်ပါတယ်။


ဗိုလ်မင်းရောင်အိမ်ရာကို တွေ့ရစဉ်။

တန်ဖိုးနည်း တန်ဖိုးသင့်တိုက်ခန်းတွေကို ဝယ်ယူသူတွေအနေနဲ့ ကုမ္ပဏီဝန်ထမ်းဖြစ်ရင် ၂၅ ရာခိုင်နှုန်း ပေးသွင်းရမှာဖြစ်ပြီး အစိုးရဝန်ထမ်းဖြစ်ပါက ကနဦး ၁၅ ရာခိုင်နှုန်းပေးသွင်းကာ အရစ်ကျပေးချေရမှာဖြစ်ကြောင်း သိရပါတယ်။ တိုက်ခန်းဝယ်ခွင့်ရရှိသူတွေအနေနဲ့ ကနဦးငွေ ပေးသွင်းပြီးပါက နေခွင့်ရှိမှာ ဖြစ်ပါတယ်။

**မေသက်**

www.free4readers.com







အမှတ်(၁)ရေနံဓာတ်ငွေ့ချက်စက်ရုံ(မင်းဘူး)မှ ထွက်ရှိတဲ့ Light Naphtha ဂါလန်တစ်သိန်းကို တင်ဒါခေါ်ယူရောင်းချမှာဖြစ်ပါတယ်။

*စာမျက်နှာ ၂၀ မှအဆက်*

အပြင် တည်ဆောက်ရေးအခြေအနေနဲ့ ပတ်သက်ပြီးတော့လည်း(က) ယခုခေါ်ယူတဲ့ လုပ်ငန်းနဲ့ သဘောသဘာဝခြင်းတူညီသော လုပ်ငန်းပမာဏ၊(ခ)ယခုခေါ်ယူတဲ့ လုပ်ငန်းမှာ ပါဝင်တဲ့ အဓိက တည်ဆောက်ရေးလုပ်ငန်းတို့ရှိရမှာ ဖြစ်ပါတယ်။ စံသတ်မှတ်ချက်တွေကိုတော့ တင်ဒါစာအုပ် (Bidding Document) မှာအသေးစိတ်ဖော်ပြထားမှာဖြစ်ပါတယ်။ တင်ဒါပိတ်မယ့်ရက်ကတော့ ဇူလိုင်လ ၂၃ရက်ညနေ၃း၀၀နာရီဖြစ်ပါတယ်။

တင်ဒါကို ပြည်တွင်းကုမ္ပဏီများ၊ တင်ဒါစာအုပ်မှာ ဖော်ပြပါရှိတဲ့ တရားဝင်နိုင်ငံများမှာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး (Single Stage, One-Envelope)စနစ် ဖြစ်ပါတယ်။ တင်ဒါစာအုပ်တွေမှာ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်ပြီး တစ်စုံလျှင် ၈၅,၀၀၀ ကျပ်နှုန်းနဲ့ (Project Management Office) မန္တလေးမြို့ပြဝန်ဆောင်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းရုံး၊ မန္တလေးစည်ပင်သာယာရေးကော်မတီမှာ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်တယ်လို့ သိရပါတယ်။ တင်ဒါတွေကို သည်လိပ်စာအတိုင်း တင်သွင်းနိုင်ပြီး တင်ဒါတင်သွင်းချိန်မှာ တင်ဒါစာအုပ်တွေ ဖော်ပြထားတဲ့ အတိုင်း(Bid Sercurity 15,000)ပါရှိရမှာ ဖြစ်ပါတယ်။ တင်ဒါအကြိုအစည်းအဝေးကို ဇွန်လ ၁၄ ရက်နေ့ နံနက် ၉း၀၀ နာရီမှာ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးမှာ ပြုလုပ်မှာ ဖြစ်ပါတယ်။

တင်ဒါနဲ့ပတ်သက်ပြီး မေးမြန်းစုံစမ်းလိုပါက ဒေါ်ခင်မေဌေး၊ စီမံကိန်းမန်နေဂျာ (MPO,MYSIP) မန္တလေးမြို့၊ ဖုန်းနံပါတ် ၀၉၅၂၆၁၆၃၁၊ (Email:pmomusip & gmail.com) ဖက်စ် ၀၉၅၂၃၆၁၇၀ သို့ ဆက်သွယ်မေးမြန်းနိုင်တယ်လို့ သိရပါတယ်။

## ဆိုင်ကယ်တွေရောင်းမည်

မကွေးတိုင်းဒေသကြီးအတွင်းရှိ တရားရုံးများမှ တရားရုံးအမိန့်ဖြင့် ပြည်သူ့ဘဏ္ဍာသိမ်းဆည်းထားတဲ့ မော်တော်ဆိုင်ကယ် ၇၀၃ စီးကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်နဲ့ လေလံတင်ရောင်းချမှာ ဖြစ်တာကြောင့် လေလံဆွဲဝယ်ယူလိုတဲ့ သူတွေအနေနဲ့ လေလံတင်ရောင်းချရေးကော်မတီမှာ စုံစမ်းပြီး လေလံတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ထားပါတယ်။

လေလံလျှောက်လွှာနဲ့ လေလံစည်းကမ်းချက်တွေကို မကွေးတိုင်းဒေသကြီး၊ တရားရုံးဦးစီးမှူးရုံးမှာ ဇွန်လ ၁ ရက်နေ့မှ ၈ ရက်နေ့အထိ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါတယ်။ လေလံလျှောက်လွှာတင်သွင်းရမယ့် နေရာကတော့ လေလံရောင်းချရေးကော်မတီ၊ မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး ဖြစ်ပါတယ်။ လေလံလျှောက်လွှာပိတ်မယ့်ရက်ကတော့ ဇွန်လ ၃၀ ရက်နေ့ နေ့လယ် ၁၁း၀၀ နာရီ ဖြစ်ပါတယ်။ လေလံဖွင့်မယ့်ရက်ကတော့ ဇွန်လ ၃၀ရက်နေ့ မွန်းလွဲ ၂း၀၀နာရီ ဖြစ်ပါတယ်။

## ရေအားလျှပ်စစ်

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနအနေနဲ့ အထက်ကျိုင်းတောင်းစီမံကိန်းရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ လိုအပ်တဲ့ Dam Instrumentation များနဲ့ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းရဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ လိုအပ်တဲ့ တည်ဆောက်ရေးလုပ်ငန်းတွေမှာ အသုံးပြုဖို့ လိုအပ်တဲ့ တည်ဆောက်ရေးသုံးပစ္စည်းတွေကို D.D.P (Upper Keng Tawng/Paungl (Laung) မြန်မာကျပ်ငွေနဲ့ ဝယ်ယူဖို့ အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်ထားပါတယ်။

(က) Tender No.06/DHPI/ Dam Instrumention/2018-2019

(ခ)Tender No.07/DHPI/Mining Spare/2018-2019

ပစ္စည်းတွေရဲ့ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နဲ့ ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့ကို သီးခြားစီချိတ်ပိတ်ပြီး ဇွန်လ ၇ ရက်နေ့ မွန်းတည့် ၁၂း၀၀ နာရီနောက်ဆုံးထားပြီး တင်သွင်းရမှာဖြစ်ပါတယ်။

အိတ်ဖွင့် တင်ဒါပုံစံနဲ့ အသေးစိတ်အချက်အလက်တွေကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနရဲ့ Website ဖြစ်တဲ့ www.moce.gov.mm ဝင်ရောက်ကြည့်ရှုပြီး ဒေါင်းလုဒ်ရယူနိုင်တယ်လို့ သိရပါတယ်။

> “မော်တော်ဆိုင်ကယ် ၇၀၃ စီးကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်နဲ့ လေလံတင်ရောင်းချမှာ ဖြစ်ပါတယ်”

## ဓာတ်ခွဲခန်းသုံးပစ္စည်း

ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနအောက်မှာရှိတဲ့ တာချီလိတ်ခရိုင်နဲ့ တောင်ကြီးမြို့တွေမှာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြည်နယ်ရန်ပုံငွေနဲ့ ဝယ်ယူရေးလုပ်ငန်းတွေ ဆောင်ရွက်လိုတာကြောင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ အိတ်ဖွင့်တင်ဒါ တင်သွင်းဖို့ ဖိတ်ခေါ်ထားပါတယ်။

တာချီလိတ်ခရိုင်အတွက်ဆိုရင် ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာတွေ ဝယ်ယူမှာ ဖြစ်ပါတယ်။ တောင်ကြီးမြို့အတွက်တော့ ရုံးသုံးပရိဘောဂတွေ ဝယ်ယူမှာဖြစ်ပါတယ်။ အိတ်ဖွင့်တင်ဒါနဲ့ စည်းကမ်းချက်တွေကို လက်ရှိမှာ ရောင်းချနေပြီ ဖြစ်ပြီး ဇွန်လ ၂၀ ရက်နေ့ နောက်ဆုံးထားတင်သွင်းရမှာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ တင်ဒါအာမခံကြေးပေးသွင်းပြီးမှ အိတ်ဖွင့်တင်ဒါပုံစံပေးသွင်းရမှာ ဖြစ်ပါတယ်။ အိတ်ဖွင့်တင်ဒါရောင်းချ တင်သွင်းရမယ့်နေရာကတော့ ပြည်နယ်ဦးစီးမှူးရုံး၊ စိုက်ပျိုးရေးဌာန၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ ဖြစ်ပြီး အသေးစိတ်သိချင်ရင် ဖုန်းနံပါတ် ၀၈၁-၂၀၂၁၆၉၊ ၀၉၇၉၁ ၃၃၆၄၀၇ ကိုဆက်သွယ်နိုင်ပါတယ်။

**မာရီနိုင်**

# ရှမ်းမြောက်မှာ လက်နက်ခဲယမ်းနဲ့ မူးယစ်ချက်လုပ် ဆက်စပ်ပစ္စည်းတွေ ဖမ်းဆီးရမိ

**မန္တလေး၊ မေ ၃၀** - ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ရှိပန်လော့ကျေးရွာအနီးမှာ လက်နက်ခဲယမ်းနဲ့ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်းတွေ ဖမ်းဆီးရမိတယ်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

မေလ ၂၅ရက်က လားရှိုးမြို့နယ်အတွင်းမှာ လုံခြုံရေးဆောင်ရွက်နေတဲ့ တပ်ဖွဲ့ဝင်တွေက ပန်လော့ကျေးရွာရဲ့ မြောက်ဘက်မိုင် ၁၀၀၀ခန့်အကွာအရောက်မှာ မသင်္ကာဖွယ်တဲနှစ်လုံးကို တွေ့ရှိပါတယ်။ အဲသည်တဲအတွင်းကိုဝင်ရောက်စစ်ဆေးရာ အရပ်ဝတ်နဲ့ လူခြောက်ဦးတို့ ထွက်ပြေးသွားပြီး အမျိုးသားတစ်ဦးကိုသာ ဖမ်းဆီးရမိပါတယ်။

အဲသည်နောက် တဲအတွင်းကို စစ်ဆေးရာ ပွိုင့် ၂၂မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိတ်တစ်ခု၊ ကျည်တောင့်ရှစ်တောင့်၊ အစ် ၂၂ ကျည် ၄၃တောင့်။ လက်ပစ်ဗုံးတစ်လုံးနဲ့ ဆက်စပ်ပစ္စည်းတွေ၊ မူးယစ်ဆေးဝါးချက်လုပ်ရာမှာ အသုံးပြုတဲ့ လေးပေအရှည်ရှိ ဂက်စ်အိုးအရွယ်စုံ ၉၁ လုံး၊ costic sodar ၆၅ အိတ်၊ ဓာတုပစ္စည်းတွေ ထည့်ထားတဲ့ ဆာလာအိတ် ၈၄ အိတ်၊ ဓာတုချွတ်ဆေးတစ်ထုပ်တို့ကို တွေ့ရှိသိမ်းဆည်းရမိပါတယ်။

မော်တော်ယာဉ်၊ မူးယစ်ဆေးဝါး ချက်လုပ်ရာမှာ အသုံးပြုတဲ့ ဆက်စပ်ပစ္စည်းတွေနဲ့အတူ ဖမ်းဆီးရမိတဲ့ အမျိုးသားကို လားရှိုးမြို့နယ် ရဲစခန်းကို စနစ်တကျ လွှဲပြောင်းအပ်နှံဆောင်ရွက်မယ်လို့ သိရပါတယ်။

**နန်းဟေမာထွေး**



www.free4readers.com







ပြည်တွင်းဈေးကွက်မှာတော့ အရွယ်အစား သေးငယ်ပြီး လှပတဲ့ ခွေးသေးမျိုးတွေက အရောင်းအဝယ် အသွက်ဆုံးဖြစ်ပါတယ်။

# အိမ်တွင်းစီးပွား ခွေးမွေးမြူရောင်းဝယ် ဖောက်ထား

မန္တလေး၊ မေ ၃၀ – အခုနောက်ပိုင်း အိမ်တွင်းစီးပွားရေးလုပ်ငန်းတစ်ခု အဖြစ် နိုင်ငံခြားမျိုးရင်းခွေးတွေ မွေးမြူသူတွေ မန္တလေးမြို့မှာ များပြားလာတယ်။

အရွယ်အစားငယ်တဲ့ ခွေးသေးမျိုးတွေအပြင် ခွေးကြီးမျိုးတွေလည်း စီးပွားဖြစ်မွေးမြူကြပါတယ်။

မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုဖိုးသားက 'စီးပွားရေးအရတွက်မယ်ဆိုရင် ဒီလုပ်ငန်းကလဲ လုပ်သင့်တဲ့ လုပ်ငန်းတစ်ခုလိုဖြစ်လာတယ်။ သုံးလေးသိန်းရင်းရုံနဲ့ တစ်နှစ်သိန်း နှစ်ဆယ် အစိတ်လောက်ရတာဆိုတာနည်းတဲ့ဝင်ငွေ မဟုတ်ဘူးလေ'လို့ ပြောပါတယ်။

အရင်းအနှီးနည်းနည်းနဲ့ စီးပွားဖြစ် ခွေးမွေးမယ်ဆိုရင် ခွေးအမကိုဝယ်ယူမွေးမြူရမှာ ဖြစ်တယ်။

ဥပမာ အယ်လ်ဖေးရှင်းခွေး တစ်ကောင်ကို စီးပွားဖြစ်မွေးမယ်ဆိုရင် တစ်ကောင်ကို ကျပ်လေးသိန်းပတ်ဝန်းကျင် အသုံးပြုရမယ်။ သူ့အတွက် အစာ၊ ဆေးဖိုးစတဲ့ စရိတ်အတွက် တစ်လကို ကျပ် ၅၀,၀၀၀ ခန့် ကုန်ကျတယ်။ သုံးလေးလသားကနေ သားပေါက်တဲ့ အချိန်အထိ ခွေးတစ်ကောင် အတွက် ကုန်ကျစရိတ် (ဝယ်ယူတဲ့ ခွေးဖိုးအပါအဝင်) ကျပ် ၁၀ သိန်းခန့် ရင်းနှီးရပါတယ်၊ အယ်လ်ဖေးရှင်းခွေးအများစုဟာ တစ်နှစ် နှစ်ကြိမ် သားပေါက်လေ့ရှိတယ်။ တစ်ခါ သားပေါက်ရင် အနည်းဆုံး ငါးကောင်ကနေ ၁၂ ကောင်ခန့်အထိ ပေါက်လေ့ရှိတယ်။

ပျမ်းမျှအားဖြင့် တစ်နှစ်မှာ ၁၂ ကောင်ပေါက်တယ်ဆိုရင် ခွေးသားပေါက်တစ်ကောင်ကို ကျပ်သုံးသိန်းဝန်းကျင်နှုန်းနဲ့ တွက်ရင် တစ်နှစ်ကို ကျပ် ၃၆ သိန်း ရနိုင်ပါတယ်။

ကုန်ကျစရိတ်နုတ်ပြီးရင် တစ်နှစ်ကို ကျပ် ၂၆ သိန်းခန့် ကိုယ့်အတွက် ကျန်တယ်လို့ မွေးမြူသူအချို့က ရှင်းပြပါတယ်။

ခန့်မှန်းပြောဆိုမှုတွေအရ မန္တလေးမြို့မှာ စီးပွားဖြစ် ခွေးမွေးမြူရောင်းဝယ်ဖောက်ကားသူ ဦးရေ ၃၀ ထက်မနည်းရှိတယ်လို့ ဆိုပါတယ်။ နိုင်ငံခြားခွေးအများစုဟာ ထိုင်းနိုင်ငံကတစ်ဆင့် ဝင်ရောက်ပြီး တရုတ်ဘက်က ဝင်တာလည်း ရှိတယ်။

ဥရောပကနေ ကျပ် သိန်းရာဂဏန်းအထိ ပေးဝယ်ပြီးမျိုးလိုက်ခွေးအဖြစ် စီးပွားဖြစ် မွေးမြူတာရှိတယ်။ ပြည်တွင်းဈေးကွက်မှာ အရောင်းအဝယ်ဖြစ်တဲ့ ခွေးသေးခွေးကြီး အမျိုးအစားများစွာရှိတယ်။ အရည်အသွေး မျိုးတန်းပေါ်မူတည်ပြီး တစ်ကောင်ကို အနည်းဆုံးကျပ်တစ်သိန်းခန့်ကနေ သိန်းဆယ်ဂဏန်းအထိ ဈေးရှိတယ်လို့ မွေးမြူရေးသမားတချို့က ဆိုပါတယ်။

စီးပွားဖြစ်ခွေးမွေးမြူရေးလုပ်ကိုင်သူ ကိုအောင်က 'တချို့မျိုးတွေက နေရာသိပ်မလိုဘူး။ ဥပမာ ပွမ်း၊ ရှီဇူးတို့လို၊ နောက် ပက်ခွေးသေးမျိုးတွေ၊ အထီးကျတော့ မျိုးတန်းတော်တော်လေးမြင့်မှ အဆင်ပြေတာ၊ တချို့ဆိုတစ်ကောင်ကို သိန်း ၁၀၀ လောက်အထိ သုံးကြတယ်'လို့ ပြောပါတယ်။

ပြည်တွင်းဈေးကွက်မှာတော့ အရွယ်အစား သေးငယ်ပြီး လှပတဲ့ အသွင်သဏ္ဌာန်ရှိတဲ့ ခွေးသေးမျိုးရင်းတွေက အရောင်းအဝယ် အသွက်ဆုံးဖြစ်ပါတယ်။ ကမ္ဘာမှာ ထင်ရှားတဲ့ ခွေးကြီးမျိုးရင်းတွေကိုလည်း အိမ်မွေးတိရစ္ဆာန်အဖြစ် အလှမွေးမြူသူ၊ ခြံစောင့်အဖြစ် မွေးမြူသူတွေ အကြိုက်တွေ့လို့ အရောင်းအဝယ် သွက်တယ်လို့ သိရပါတယ်။

**နိုးမြင့်ထွန်း**

# ကုမ္ပဏီတွေ အွန်လိုင်းစနစ်နဲ့ မှတ်ပုံတင်စေတာက အကျိုးရှိစေပါ

မန္တလေး၊ မေ ၃၀–အွန်လိုင်းစနစ်နဲ့ ကုမ္ပဏီ မှတ်ပုံတင်တာဟာ ကုမ္ပဏီအားလုံးအတွက် အကျိုးရှိအောင် လုပ်ပေးတာလို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောပါတယ်။

သူက 'အွန်လိုင်းနဲ့ ပတ်သက်တဲ့စနစ်ကို သွားပါမယ်၊ မှတ်ပုံတင်ပြီးသား ကုမ္ပဏီလဲ အွန်လိုင်းမှာ မှတ်ပုံတင်ပေးဖို့ လိုပါတယ်၊ ၂၀၁၈ ခု ဩဂုတ်လ ၁ရက်မှာ စပြီး အွန်လိုင်း မှတ်ပုံတင်လို့ရပြီဖြစ်တယ်' လို့ ဆိုပါတယ်။

လာမယ့် ဩဂုတ် ၁ရက်မှာ စတင်မယ့်အွန်လိုင်းစနစ်နဲ့ ကုမ္ပဏီ မှတ်ပုံတင်တာဟာ မြန်မာနိုင်ငံမှာ ပထမဦးဆုံး အီလက်ထရွန်းနစ်စနစ် နဲ့ ကျင့်သုံးတဲ့ E-Government စနစ် ဖြစ်ပါတယ်။

ဦးအောင်နိုင်ဦးက 'ဥပဒေအဟောင်းကြီးနဲ့ ကိုယ်မှတ်ပုံတင်ထားစဉ်တုန်းက ကိုယ့်မှာအသင်းဖွဲ့မှတ်တမ်းတို့၊ အသင်းအဖွဲ့စည်းမျဉ်းတို့ ရှိတယ်၊ ခု အဲဒါမရှိတော့ဘူး၊ အသင်းအဖွဲ့ကုမ္ပဏီရဲ့ အခြေခံဖွဲ့စည်းပုံ စည်းမျဉ်းပဲရှိတယ်၊ ကိုယ်က မူလရှိခဲ့တဲ့ အသင်းအဖွဲ့မှတ်တမ်းစည်းမျဉ်းကြီးကို အဲဒီအွန်လိုင်းမှတ်ပုံတင်နဲ့ တစ်ခါတည်းပြောင်းလို့ရမယ်၊ မူလမှတ်ပုံတင်ထားစဉ်တုန်းက ဥပမာ ခွင့်ပြုမ,တည်ငွေရင်းကို သိန်း ၂၀၀ သတ်မှတ်တယ်ဆိုပါစို့၊ ခု ဥပဒေမှာ အဲဒါမရှိတော့ဘူး၊ မှတ်ပုံတင်တဲ့အခါမှာ ဖြုတ်ပစ်လိုက်လို့ရတယ်၊ ဒါက ကိုယ့်ရဲ့ ဆန္ဒဖြစ်တယ်၊ ဒါရိုက်တာအဖွဲ့တိုးချင်တာ၊ လျှော့ချင်တာ တစ်ခါတည်းလုပ်လို့ရမယ်၊ လိပ်စာပြောင်းချင်လဲ တစ်ခါတည်းပြောင်းလိုက်လို့ရတယ်'လို့ ပြောပါတယ်။

အွန်လိုင်းမှတ်ပုံတင်တဲ့ကိစ္စမှာ အားလုံးက ငွေကြေးတစ်ပြားမှ ကုန်စရာမလိုသလို ရုံးကိုသွားစရာမလိုဘဲ မိုဘိုင်းလ်လက်ကိုင်ဖုန်းကတစ်ဆင့် မှတ်ပုံတင်လို့ရမှာဖြစ်တယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ စတင်ကျင့်သုံးနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

**နိုးမြင့်ထွန်း**

# မွေးမြူရေးနှင့် စိုက်ပျိုးရေးပြပွဲ ၁၅ နိုင်ငံက လာရောက်ပြသမည်

မန္တလေး၊ မေ ၃၀ – နိုင်ငံပေါင်း ၁၅ နိုင်ငံကနေ လာရောက်ပြသမယ့် တတိယအကြိမ် မန္တလေး နိုင်ငံတကာမွေးမြူရေးနှင့် စိုက်ပျိုးရေး ပြပွဲကို ဇွန်လ ၂၃ ရက်ကနေ ၂၅ ရက်အထိ မန္တလေးမြို့တော်ခန်းမမှာ ပြုလုပ်မှာ ဖြစ်ပါတယ်။

ကုမ္ပဏီပေါင်း ၄၀ ခန့်နဲ့ ပြခန်းပေါင်း ၇၅ခန်း ဝင်ရောက်ပြသမှာပါ။

ပထမနေ့မှာ စိုက်ပျိုးရေးအခြေပြုလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာ ဆွေးနွေးပွဲတွေ၊ ဒုတိယနေ့မှာ မြန်မာ့မွေးမြူရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲနဲ့ တတိယနေ့မှာတော့ မြန်မာ့ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲလည်း ပါဝင်မှာဖြစ်ပါတယ်။

တောင်သူလယ်သမားတွေကို အသိပညာပေးဖို့ နည်းပညာသစ်တွေ ရရှိသုံးနိုင်စေဖို့နဲ့ ပြည်တွင်းပြည်ပက ထုတ်ကုန်သစ်တွေကို လေ့လာနိုင်စေဖို့၊ မြန်မာ့စိုက်ပျိုးမွေးမြူရေးကဏ္ဍမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်ဖိတ်ခေါ်ပြီး ပိုမိုရင်းနှီးမြှုပ်နှံလာကြစေဖို့ ရည်ရွယ်တယ်လို့ ပရောဂျက်မန်နေဂျာက ပြောပါတယ်။

ပြပွဲ လာရောက်လေ့လာသူတွေထဲက တစ်ရက်ကို နှစ်ဦးနှုန်းနဲ့ ကံစမ်းမဲ ဖောက်ပေးမှာပါ။ စုစုပေါင်း မဲပေါက်သူ ခြောက်ဦးကို ငွေပင်လယ်မီဒီယာက လေယာဉ်၊ တည်းခိုစရိတ်တွေကို ကုန်ကျခံပြီး ဘန်ကောက်မှာ ပြုလုပ်တဲ့ Agritechnica Asia စိုက်ပျိုးရေးပြပွဲကို သွားရောက်လည်ပတ်နိုင်ဖို့ အစီအစဉ်တွေလည်း ပါရှိမယ်လို့ ဆိုပါတယ်။

**နှန်းဟေမာထွေး**

## မန်းတိုင်း မူးယစ် တိုက်ဖျက်ရေး အားကစားဖွံ့ဖြိုးရေးတွေ လုပ်ဆောင်နေ

မန္တလေး၊ မေ ၃၀– မန္တလေးတိုင်းဒေသကြီး အတွင်း မူးယစ်ဆေးဝါးကို တိုက်ဖျက်ဖို့ နှစ်စဉ်ကျပ်သုံးဘီလျံခန့် အသုံးပြုပြီး အားကစားဖွံ့ဖြိုးရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒေါက်တာ ဇော်မြင့်မောင်က 'Sport and Medicine ဆိုတာ ပြည်ထောင်စုဝန်ကြီးက ကြိုးစားပမ်းစားဆောင်ရွက်နေတဲ့ အချိန်မှာ တစ်တပ်တစ်အားနဲ့ တိုင်းဒေသကြီးအဆင့်က အားကစားကွင်းတွေ၊ အားကစားရုံတွေ တည်ဆောက်ဖို့ ကြိုးပမ်းနေတဲ့ အချိန်ဖြစ်တယ်၊ ယနေ့ မန္တလေးတိုင်းဒေသကြီးမှာ မူးယစ်ဆေးတွေ ပေါတယ်ဆိုတဲ့အတွက် ကျွန်တော်တို့တက်လာပြီးနောက်မှာ ဒီမူးယစ်တွေ တိုက်ဖျက်ရန် ကလေးတွေအတွက် အားကစားခန်းမလိုတယ်ဆိုပြီး ရုံတွေကို တည်ဆောက်ပေးတာ ဖြစ်တယ်၊ နှစ်စဉ် သုံးဘီလျံလောက် သုံးတယ်'လို့ ပြောပါတယ်။

အဲသည့် ငွေဟာ တိုင်းဒေသကြီးအစိုးရဘတ်ဂျက်က သုံးစွဲရတာဖြစ်ပါတယ်။ ကိုယ့်တိုင်းအတွက်ဆိုပြီး ဘဏ္ဍာငွေကို ချွေတာပြီး အားကစားခန်းမတွေ တည်ဆောက်ပေးတာလို့ဆိုပါတယ်။

မန္တလေးတိုင်းဒေသကြီးဟာ ယဉ်ကျေးမှုမြို့တော်လည်း ဖြစ်သလို စီးပွားရေးအချက်အချာကျတဲ့ မြို့တော်လည်း ဖြစ်ပါတယ်။ နိုင်ငံတကာခရီးသွားဧည့်သည်တွေ အမြဲတမ်းစည်ကားတဲ့ မြို့တော်ကြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအနေနဲ့ကလည်း ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံကနေ ဖွံ့ဖြိုး တိုးတက်အောင် အကောင်အထည်ဖော်နေပါတယ်။

သည်ကြားထဲက မူးယစ်ဆေးဝါးအန္တရာယ် ခြိမ်းခြောက်မှုကို ခံနေရပါတယ်။

ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုးက 'မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေတာဟာ ပွဲတော်ကြီးတစ်ခုလို ရှိနေတာကို မျက်ဝါးထင်ထင်တွေ့မြင်နေရပါတယ်၊ မူးယစ်ဆေးဝါးပေါများတဲ့ မြို့၊ အချက်အချာကျတဲ့ မြို့လို့ဝေဖန်မှုတွေလဲ ရှိနေပါတယ်၊ ဒါကိုလဲ မန္တလေးမြို့သူမြို့သားတွေက ခံစားနေရပါတယ်'လို့ ဒုတိယ အကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့က လူသားအရင်းအမြစ်များ နေ့စဉ်ဆုံးရှုံးနေမှုမှ ကာကွယ်ရန် မန္တလေးတိုင်းဒေသကြီး အတွင်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေမှုများအား အမြန်ဆုံး ထိန်းချုပ်ရန် အစီအစဉ် ရှိမရှိမေးမြန်းစဉ်မှာ ထည့်သွင်းပြောကြားပါတယ်။

**နိုးမြင့်ထွန်း**

www.free4readers.com



# မိသားစုစီးပွားရေးလုပ်ငန်းလေးတွေ ကုမ္ပဏီထူထောင်ကြဖို့ တိုက်တွန်း



အသေးစားလုပ်ငန်းလေးတွေဟာ ကုမ္ပဏီအနေနဲ့ မှတ်ပုံတင်ပြီး လုပ်ကိုင်ရင် စီးပွားရေးအခွင့်အလမ်းတွေရရှိလာနိုင်မယ်။

**မန္တလေး၊ မေ ၃၀** – မန္တလေးတိုင်းဒေသကြီးရှိ မိသားစုစီးပွားရေးလုပ်ငန်းငယ်တွေ၊ အသေးစားလုပ်ငန်းလေးတွေဟာ ကုမ္ပဏီအနေနဲ့ မှတ်ပုံတင်ပြီး လုပ်ကိုင်ရင် စီးပွားရေးအခွင့်အလမ်းတွေ ရရှိလာနိုင်မယ်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောပါတယ်။

သူက 'မန္တလေးမှာ မိသားစုစီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတယ်၊ ကုမ္ပဏီအနေနဲ့ မှတ်ပုံမတင်ကြဘူး။ ကုမ္ပဏီနဲ့ မှတ်ပုံတင်ထားရင် နံပါတ်တစ်ဥပဒေကပေးတဲ့ အခွင့်အလမ်းကိုရမယ်၊ ဥပဒေကပေးတဲ့ အကာအကွယ်ကိုရမယ်၊ နောက် နိုင်ငံခြားသားနဲ့ပေါင်းလုပ်ချင်ရင် လဲလွယ်လွယ်ကူကူလုပ်လို့ရမယ်' လို့ပြောတယ်။

မိသားစုစီးပွားရေးပုံစံမျိုး ပြုလုပ်နေတဲ့ အိမ်တွင်းစီးပွားရေးလုပ်ငန်းတွေကိုသာ အပြောင်းအလဲတွေပြုလုပ်ခဲ့မယ်ဆိုရင် မန္တလေးမြို့ရဲ့ စီးပွားရေးဟာ အရှိန်အဟုန်နဲ့ ပြောင်းလဲတိုးတက်လာနိုင်မယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။

မန္တလေးမြို့ဟာ မြန်မာနိုင်ငံရဲ့ အချက်အချာဖြစ်ရုံသာမက အာဆီယံနိုင်ငံတွေ၊ အာရှအင်အားကြီးနိုင်ငံတွေနဲ့ ဆက်သွယ်ကူးလူးဆက်ဆံဖို့ ဖောက်လုပ်နေတဲ့လမ်းမကြီးတွေရဲ့ အချက်အချာနေရာမှာလည်း တည်ရှိပါတယ်။ မန္တလေးမြို့ဟာ စီးပွားရေးအရ အခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ အခွင့်အလမ်းတွေများစွာရှိနေပါတယ်။ ဒါတွေကို အကောင်းဆုံးအသုံးချဖို့ အရင်းအနှီး၊ နည်းပညာ၊ စုပေါင်းမှုစတာတွေမှာ လိုအပ်ချက်တွေရှိနေတယ်လို့ ဒေသခံလုပ်ငန်းရှင်အချို့က ဆိုပါတယ်။

နိုင်ငံသားတွေ ကုမ္ပဏီထူထောင်စီးပွားရေးလုပ်ငန်းဆောင်ရွက်ဖို့ကို ပိုမိုလွယ်ကူရှင်းလင်းစေဖို့၊ ကုမ္ပဏီလုပ်ငန်းတွေစနစ်တကျရှိစေဖို့နဲ့ အသေးစား၊ အလတ်စားလုပ်ငန်းတွေဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး နှစ် ၁၀၀ ကျော် သက်တမ်းရှိခဲ့တဲ့ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကို ခေတ်နဲ့အညီ ပြန်လည်ပြင်ဆင်ရေးဆွဲပြီး လွှတ်တော်အသီးသီးကို တင်ပြခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်တယ်။

အရင်ဥပဒေတုန်းက မိမိကုမ္ပဏီမှာ ရှယ်ယာတစ်စုပါတာနဲ့ အလိုလိုနေရင်း နိုင်ငံခြားကုမ္ပဏီဖြစ်သွားတယ်။ ဥပဒေသစ်မှာတော့ ကုမ္ပဏီလုပ်ငန်းငယ်တွေအနေနဲ့ နိုင်ငံခြားသားဝင်ရောက်ရင်းနှီးမြှုပ်နှံမှုကို ၃၅ ရာခိုင်နှုန်းအထိ ပေးပါလို့ ရတယ်။ သည်လိုပေးပါပေမဲ့လည်း နိုင်ငံသားကုမ္ပဏီပဲ ဖြစ်မှာ ဖြစ်တယ်။

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေကို ကျင့်သုံးဆောင်ရွက်နိုင်ရေးလို အပ်တဲ့ စည်းမျဉ်းတွေ ရေးဆွဲတာ၊ အမိန့်ကြေညာစာတွေ ထုတ်ပြန်ကြေညာဖို့ ဆောင်ရွက်တာ၊ ဥပဒေကို အများပြည်သူကျယ်ပြန့်စွာသိရှိနိုင်ဖို့ ဆောင်ရွက်နေတယ်လို့သိရပါတယ်။

အဲသည်အပြင် ကုမ္ပဏီမှတ်ပုံတင်တာ၊ ပြန်တမ်းတွေပေးပို့တာ၊ ကုမ္ပဏီမှတ်ပုံတင်ရုံးနဲ့ ဆက်သွယ်ဆောင်ရွက်တာတို့ကို အီလက်ထရွန်းနစ်စနစ်နဲ့ ပိုမိုလျင်မြန်ချောမွေ့နိုင်ရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ လမ်းညွှန်ကြီးကြပ်မှုနဲ့ လိုအပ်တာတွေ ပြင်ဆင်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့ စတင်ကျင့်သုံးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

'လုပ်ငန်းရှင်တွေ ဒါကိုကျင့်သုံးပါ၊ မသိသေးတဲ့သူတွေကိုလဲ ကုမ္ပဏီထောင်အောင် အားပေးပါ၊ ကုမ္ပဏီတွေအများအပြားပေါ်လာခြင်းအားဖြင့် နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုက ကုမ္ပဏီအရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာနဲ့ အချိုးကျပါတယ်' လို့ ဦးအောင်နိုင်ဦးက ပြောပါတယ်။

**မိုးမြင့်ထွန်း**

## တောင်ပြုံးပွဲတော်အတွက် ဈေးဆိုင်ခန်းတွေ ရောင်းချမည်

**မန္တလေး၊ မေ ၃၀**– နှစ်စဉ်ကျင်းပလေ့ရှိတဲ့ တောင်ပြုံးပွဲတော်အတွက် ဈေးဆိုင်ခန်းတွေကို ပထမဝါဆို လပြည့်နေ့(ဇွန် ၂၇ ရက်)မှာ စတင်ရောင်းချပေးမှာပါ။

တောင်ပြုံးပွဲတော်မှာ ဆိုင်ခန်းပေါင်း ၅၀၀ ကျော် ရှိပြီး တင်ဒါလျှောက်လွှာပုံစံတွေကို လည်း ခေါ်ယူနေပြီ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေမှာတော့ ဆိုင်ခန်းတစ်ခန်းကို ရောင်းချတဲ့ ကုန်ပစ္စည်းပေါ်မူတည်ပြီး သတ်မှတ်ရောင်းချပေးတာပါ။ ဆိုင်ခန်းတစ်ခန်းကိုကျပ် ၂၅၀,၀၀၀ ခန့်နဲ့ ရောင်းချပေးခဲ့ကြောင်း ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်က ပြောပါတယ်။

မန္တလေးတိုင်း၊ ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးကျေးရွာရှိ ဆုတောင်းပြည့်၊ ဆုတောင်းရမြတ်စွာဘုရား ဗုဒ္ဓပူဇနိယဆွမ်းကြီးလောင်းလှူပူဇော်ပွဲနဲ့ တောင်ပြုံးမင်းနှစ်ပါးပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက်ကနေ ၁၅ ရက်နေ့အထိ (ဩဂုတ် ၁၉ ရက်ကနေ ၂၆ ရက်နေ့အထိ) ပြုလုပ်မှာ ဖြစ်ပါတယ်။ **နန်းပေယာမာထွေး**

## မြန်မာနိုင်ငံမှာ လူ ၁၁၀၀ မှာ ကုမ္ပဏီတစ်ခုနှုန်းသာ ရှိ အာဆီယံနိုင်ငံတွေကြားမှာ အနည်းဆုံး

**မန္တလေး၊ မေ ၃၀** – လူဦးရေနဲ့ ကုမ္ပဏီအချိုးအစားနှိုင်းယှဉ်ရင် မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံတွေကြားမှာ စီးပွားရေးကုမ္ပဏီအနည်းဆုံးရှိတဲ့နိုင်ငံဖြစ်နေပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုဟာ နိုင်ငံအတွင်းမှာ ကုမ္ပဏီအရေအတွက် ဘယ်လောက် ရှိတယ်ဆိုတာနဲ့ တိုက်ရိုက်အချိုးကျပါတယ်။

ထိုင်းနိုင်ငံမှာ လူ ၇၀ ရှိရင် ကုမ္ပဏီတစ်ခု၊ ဗီယက်နမ်မှာ လူ ၈၀ တစ်ခု၊ စင်ကာပူမှာလူသုံးယောက်ရှိရင် ကုမ္ပဏီတစ်ခုရှိပြီး မြန်မာနိုင်ငံမှာလူ ၁၁၀၀ ရှိမှ ကုမ္ပဏီတစ်ခုရှိတယ်လို့သိရပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက 'ကုမ္ပဏီအရေအတွက် တိုးတက်မှုက နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ တိုက်ရိုက်အချိုးကျပါတယ်၊ အာဆီယံနိုင်ငံထဲမှာမြန်မာနိုင်ငံအနိမ့်ဆုံးဖြစ်ပါတယ်၊ လာအိုနိုင်ငံက လူ ၃၀၀ မှာ ကုမ္ပဏီတစ်ခုရှိတယ်' လို့ ပြောပါတယ်။

နိုင်ငံအတွင်းမှာ အသေးစားနဲ့ အလတ်စားလုပ်ငန်းပေါင်းများစွာရှိပေမဲ့ အများစုဟာ မိသားစုစီးပွားရေးပုံစံလုပ်ကိုင်တဲ့ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းငယ်တွေဖြစ်တယ်။ သည်လုပ်ငန်းတွေ အသေးစားလုပ်ငန်းတွေမှတ်ပုံတင်ဖို့ လွယ်ကူအောင် မှတ်ပုံတင်ကြေးကို ကျပ် ၂၅၀,၀၀၀ အထိ ချပေးတယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံရဲ့ ကုမ္ပဏီမှတ်ပုံတင်ကြေးဟာ အာဆီယံ ၁၀ နိုင်ငံထဲမှာ အနည်းဆုံးဖြစ်ပါတယ်။

**မိုးမြင့်ထွန်း**

## မြင်းခြံမှာ ခရိုင်မြို့နယ် စုပေါင်းရုံးသစ် ဖွင့်လှစ်ဖို့ စီစဉ်နေ

**မန္တလေး၊ မေ ၃၀** – မြင်းခြံမြို့မှာ ခရိုင်မြို့နယ် စုပေါင်းရုံးသစ် ဖွင့်လှစ်ဖို့ စီစဉ်နေပြီး ဘဏ္ဍာငွေရရှိရင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်မှာ အကောင်အထည် ဖော်မှာ ဖြစ်ပါတယ်။

မြင်းခြံခရိုင်နဲ့မြို့နယ်စုပေါင်းရုံးကို မူလရုံးနဲ့ တစ်မိုင်ခန့် အကွာမှာရှိတဲ့ မြင်းခြံမြို့နယ် အမှတ်(၂) ရပ်ကွက်၊ အကွက် အမှတ်(၁–၄)၊ တပ်မြို့၊ ဦးပိုင်အမှတ် (၂)၊ ဧရိယာ ၂ .၁၁၂ ဧကရှိ အလျား × အနံ ၃၀၀ ပေပတ်လည်ခန့်ရှိမြေပေါ်မှာ လျာထားသတ်မှတ်ထားရှိကြောင်း ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဘဏ္ဍာငွေတောင်းခံပြီး ဘဏ္ဍာငွေ ခွင့်ပြုရရှိရင် အကောင်အထည်ဖော်မှာဖြစ်ကြောင်း မန္တလေးတိုင်းလုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်းက ပြောပါတယ်။

မြင်းခြံမြို့နယ်မှာ မြို့နယ် အဆင့် ရုံး ၄၈ ရုံးရှိပါတယ်။ အမှတ် (၁)ရပ်ကွက်မှာခြောက်ရုံး၊ အမှတ် (၂)ရပ်ကွက်မှာ ၂၂ရုံး၊ အမှတ် (၅)ရပ်ကွက်မှာ သုံးရုံး၊ အမှတ် ၇ ရပ်ကွက် မှာ တစ်ရုံး၊ အမှတ် ၁၃ ရပ်ကွက်မှာ သုံးရုံး၊ အမှတ် (၁၅) ရပ်ကွက်မှာ နှစ်ရုံး၊ အမှတ် (၁၆) ရပ်ကွက်မှာ နှစ်ရုံး၊ အမှတ် (၁၇) ရပ်ကွက်မှာ တစ်ရုံး၊ အမှတ် (၁၉) ရပ်ကွက်မှာ ရှစ်ရုံးတို့ ရုံးစိုက်ဖွင့်လှစ်ထားရှိတယ်။ ဌာနဆိုင်ရာ ရုံးအများစုဟာ မြို့တောင်ဘက်ပိုင်း အမှတ် (၁၉)ရပ်ကွက်နဲ့ မြောက်ဘက်ပိုင်းအမှတ် (၁/၂) ရပ်ကွက်တို့မှာ တည်ရှိတယ်။

မြင်းခြံခရိုင်နဲ့ မြို့နယ်အတွင်း နေထိုင်သူတောင်သူလယ်သမားတွေ၊ အလုပ်သမားတွေနဲ့ အခြားပုဂ္ဂိုလ်အသီးသီးတို့ဟာ နေ့စဉ်နဲ့ အမျှ သက်ဆိုင်ရာဌာနတွေကို သွားရောက်ဆက်သွယ်ပြီး မိမိတို့ ကြုံတွေ့နေရတဲ့ ပြဿနာတွေ၊ အခက်အခဲတွေနဲ့ အခွင့်အရေးတွေကို တင်ပြတောင်းဆိုရာမှာ တစုတဝေးတည်း ရှိမနေဘဲ ပြန့်ကျဲနေတဲ့ဌာနဆိုင်ရာတွေဆီ သွားရောက်ဖို့ အခက်အခဲရှိတယ်။

မြင်းခြံမြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး (OSS)မှာ မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်လျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန ဌာန၁၁ခုနဲ့ လုပ်ငန်းဆောင်ရွက်ပေးနေပါတယ်။

OSS ရုံးမှာပါဝင်တဲ့ ဌာနတွေ စုပေါင်းရုံးသစ်ဖွင့်လှစ်နိုင်ရင် One Stop Service စနစ်နဲ့ တစ်နေရာတည်း တစ်ချိန်တည်းမှာ အပြီးအပြတ် ဆောင်ရွက်နိုင်မှာ ဖြစ်လို့ အချိန်ကုန်သက်သာတာ၊ လုပ်ငန်းမြန်ဆန်စွာ ဆောင်ရွက်နိုင်တာနဲ့ ဆက်သွယ်မှု လွယ်ကူချောမွေ့စေတာ စတဲ့ အကျိုးကျေးဇူးတွေ ရရှိမှာဖြစ်ပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာလည်း ခရိုင်၊ မြို့နယ်စုပေါင်းရုံး ဆောက်လုပ်ဖို့ ဘတ်ဂျက်ရေးဆွဲတောင်းခံခဲ့ပေမဲ့ မရရှိခဲ့ဘူးလို့ သိရပါတယ်။ **မိုးမြင့်ထွန်း**

www.free4readers.com



# မုတ်သုံရာသီမှာ ကျန်းမာနေစေဖို့



မုတ်သုံရာသီမှာ ရောဂါကင်းစင်စေချင်ရင်တော့ အစားအသောက်ကစလို့ အနေအထိုင်အဆုံး အကုန်လုံးကို ဂရုစိုက်ဖို့လိုပါမယ်။

မေ ၂၉ - မုတ်သုံနဲ့အတူ မိုးလေးရွာလာတော့ အပူဒဏ်လေးလျော့သွားတာပေါ့။ အပူဒဏ်လျော့သွားတာတင်မဟုတ်ပါဘူး။ ပတ်ဝန်းကျင်ကလည်း စိမ်းစိမ်းစိုစိုနဲ့ လှပလာပါတယ်။ သည်လိုလှပအေးမြတဲ့ မိုးရာသီမှာ ကျန်းမာနေဖို့အတွက် ဘယ်လိုနေထိုင်စားသောက်ကြမလဲ။

မိုးရာသီရဲ့အေးမြမှုနဲ့အတူ မဖိတ်ခေါ်ဘဲပါလာတာက ခြင်ကြောင့်ဖြစ်တဲ့ရောဂါတွေ၊ အအေးမိဖျားနာ၊ နှာစေးချောင်းဆိုးနဲ့ အစားမှားတာ၊ ဝမ်းပျက်ဝမ်းလျှော၊ ဓာတ်မတည့်မှုတွေပါ။ ဒါတွေကင်းစင်တဲ့ပျော်ရွှင်ဖွယ်ရာ မုတ်သုံဖြစ်ချင်ရင်တော့ သည်အချက်လေးတွေကို လိုက်လုပ်ကြည့်ဖို့ ပြောပါရစေ။ မုတ်သုံရာသီမှာ ရောဂါကင်းစင်စေချင်ရင်တော့ အစားအသောက်ကစလို့ အနေအထိုင်အဆုံး အကုန်လုံးကို ဂရုစိုက်ဖို့လိုပါမယ်။ မုတ်သုံရာသီမှာရောဂါပိုးတွေ ကူးစက်ပျံ့နှံ့မှုက တော်တော်လေးမြန်ပါတယ်။

**မုတ်သုံရာသီမှာကျန်းမာစေဖို့**

- လမ်းဘေးမှာရောင်းနေတဲ့အစားအသောက်တွေကို မစားပါနဲ့။ လက်လုပ်ချဉ်နဲ့ အသုပ်စုံတွေကို ရှောင်ပါ။ သန့်ရှင်းမှုအားနည်းတဲ့ အစားအစာတွေကို ရှောင်ကြဉ်ပါ။
- ဟင်းသီးဟင်းရွက်တွေနဲ့ သစ်သီးတွေကို ရေစင်အောင်ဆေးကြောပါ။ ဆားရည်နဲ့ဆေးကြောပေးလို့လည်း ရပါတယ်။
- ရေများများသောက်ပါ။ ရာသီဥတုအေးတာကြောင့် ရေမသောက်မိဘဲနေရင်းက ခန္ဓာကိုယ်မှာ ရေဓာတ်ခန်းခြောက်တာမျိုးဖြစ်နိုင်ပါတယ်။
- တစ်ကိုယ်ရည်သန့်ရှင်းရေးဂရုစိုက်ပါ။ လက်ဆေးဖို့မမေ့ပါနဲ့။
- အိမ်တွင်းမှာ ခြင်နိုင်ဆေးအသုံးပြုပါ။ ခြင်ကြောင့်ဖြစ်တဲ့ရောဂါတွေ အန္တရာယ်ကနေ ကာကွယ်နိုင်ဖို့ပါ။
- အပြင်သွားတိုင်း ထီးတို့၊ မိုးကာတို့ ယူသွားပါ။ အအေးမိဖျားနာတာတွေ မဖြစ်စေဖို့အတွက်ပါ။
- အစားအစာတွေကို ပူပူနွေးနွေးစားပါ။ ရောဂါပိုးပေါက်ဖွားတာမျိုး မဖြစ်စေဖို့အတွက်ပါ။
- မိုးရေထဲက ပြန်လာတိုင်း ခြေ၊ လက်တွေကို သန့်စင်အောင် ဆေးကြောပေးပါ။ မှိုပိုးဝင်တာနဲ့ အရေပြားပြဿနာတွေကို ကာကွယ်တဲ့သဘောပါ။
- ကလေးတွေကို မိုးရေထဲထွက်မဆော့ခိုင်းပါနဲ့။
- ဆံပင်တွေ ရေစိုနေချိန်မှာ အဲကွန်းဖွင့်ထားတဲ့ အခန်းထဲကို မဝင်ပါနဲ့။
- နွေးနွေးထွေးထွေး နေပါ။ ခြေထောက်တွေကို ခြောက်သွေ့အောင် ထားပေးပါ။
- အင်္ကျီလက်ရှည် ဘောင်းဘီရှည်တွေ ဝတ်ဆင်ပေးပါ။
- နေအိမ်ကို သန့်ရှင်းခြောက်သွေ့အောင် ထားပါ။
- နေအိမ်အနီးဝန်းကျင်က အမှိုက်တွေကိုရှင်းလင်းထားပါ။ ရေဝပ်နိုင်တဲ့နေရာတွေကို မြေဖို့ပါ။



**မုတ်သုံရာသီမှာ ဘယ်လိုစားသောက်မလဲ**

မုတ်သုံရာသီမှာ အမြန်စားအသင့်စားအစားအစာတွေကို မစားပါနဲ့။ လမ်းဘေးမှာရောင်းချနေတဲ့ အစားအစာတွေကို အတတ်နိုင်ဆုံးရှောင်ပါ။ အစာအိမ်မှာ ပိုးဝင်ကူးစက်တာဖြစ်နိုင်တာကြောင့်ပါ။ မိုးရာသီမှာ ပတ်ဝန်းကျင်မှာ ဗိုင်းရပ်စ်တွေ အရမ်းများတာကြောင့် ခန္ဓာကိုယ်တွင်းကို အလွယ်တကူဝင်ရောက်ကူးစက်နိုင်ပါတယ်။ ရာသီဥတုကအေးတာကြောင့် အစာကြေညက်နိုင်စွမ်းကလည်း ပုံမှန်ထက် နည်းနေတတ်ပါတယ်။ အဆီများတဲ့အစားအစာတွေကိုရှောင်ပါ။ ဖြစ်နိုင်ရင်အစားအစာတွေကို အိမ်မှာပဲ ပြင်ဆင်စားသုံးပေးပါ။

**သစ်သီးတွေ**

မုတ်သုံရာသီမှာ ခန္ဓာကိုယ်မှာ အားအင်ပြည့်နေစေဖို့အတွက် သစ်သီးကို အသင့်အတင့်စားသုံးဖို့လိုအပ်ပါတယ်။ ဒါပေမဲ့ သစ်သီးတိုင်းကိုတော့ စားလို့မရပါဘူး။ သစ်တော်သီး၊ သရက်သီး၊ ပန်းသီး၊ သလဲသီးနဲ့ မက်မွန်သီးတွေကို စားသုံးပေးဖို့ လိုပါမယ်။ ဖရဲသီးနဲ့ သခွားမွှေးလိုမျိုး အရည်ရွှမ်းတဲ့ အသီးတွေကို မစားသင့်ပါဘူး။ သစ်သီးတွေ အစား သစ်သီးခြောက်တွေ စားပေးတာလည်း အဆင်ပြေပါတယ်။

**အခြောက်အခြမ်းစားစရာတွေ**

မုတ်သုံရာသီမှာ အရည်ရွှမ်းတဲ့အစားအစာတွေက အများကြီး မစားသင့်ပါဘူး။ သည်လို အရည်များတဲ့ အစားအစာတွေအစား ပေါင်မုန့်၊ ပြောင်းဖူးနဲ့ ကိတ်မုန့်တို့လိုမျိုး အခြောက်အခြမ်းစားစရာတွေကို စားသုံးပေးပါ။ အရည်ဓာတ်များတဲ့အစားအစာတွေက ခန္ဓာကိုယ်ကို ရောင်ရမ်းစေနိုင်ပါတယ်။ ဒါကြောင့် ရှောင်ကြဉ်တာက အကောင်းဆုံးပါ။

**ကိုယ်ခံအားကောင်းအောင်နေပါ**

မုတ်သုံရာသီမှာ ကျန်းမာနေစေဖို့ အရေးအကြီးဆုံးအချက်က ကိုယ်ခံအားကောင်းနေစေဖို့ပါ။ ဒါကြောင့် ကျန်းမာရေးကို ဂရုစိုက်ပြီး အာဟာရပြည့်ဝအောင် စားသုံးရင်း ကိုယ်ခံအားကောင်းမွန်အောင် လုပ်ဆောင်ဖို့ပါ။ ဒါကြောင့် ဟင်းတွေကိုပြင်ဆင်ချက်ပြုတ်တဲ့အခါ ကြက်သွန်ဖြူလိုမျိုး ကိုယ်ခံအားကိုကောင်းမွန်စေတဲ့ စားစရာတွေကို ထည့်သွင်းပြင်ဆင်ပေးပါ။

**ရေ**

မိုးရာသီမှာလည်း ရေဓာတ်ပြည့်ဝအောင် နေဖို့လိုပါတယ်။ ရေဓာတ်ပြည့်ဝအောင်နေတယ်ဆိုတဲ့နေရာမှာလည်း တွေ့တဲ့ရေတိုင်းကို သောက်လို့မဖြစ်ပါဘူး။ ရေသန့်သန့်လေးသောက်ဖို့ လိုပါမယ်။ ရေသန့်အလွယ်တကူ မရနိုင်ဘူးဆိုရင်တော့ ရေကို ကျိုချက်အအေးခံပြီး သောက်သုံးပေးပါ။

**သွေးမတိုးအောင် ဂရုစိုက်ပါ**

တကယ်လို့သင့်မှာ သွေးတိုးရှိနေတယ်ဆိုရင်တော့ မိုးရာသီမှာ အငန်လျှော့စားပေးတာအကောင်းဆုံးပါ။ အသင့်စားအစားအစာတွေ၊ အလွယ်စားအစားအစာတွေ မစားပါနဲ့။ အငန်ဓာတ်များတဲ့အစားအစာတွေကို တတ်နိုင်သမျှ ရှောင်ပါ။

**အခါးဓာတ်ပါတဲ့ ဟင်းသီးဟင်းရွက်**

မိုးရာသီမှာ တမာ၊ ကြက်ဟင်းခါးသီးလိုမျိုး အခါးဓာတ်ပါတဲ့အစားအစာတစ်ခုခုကို မဖြစ်မနေ စားသုံးပေးပါ။ မစားချင်ရင်တောင် ဆေးဖြစ်ဝါးဖြစ်လောက်တော့ စားပေးပါ။ သည်လိုစားသုံးပေးတာက အရေပြားမှာ ပိုးဝင်ကူးစက်တာတွေကို ကာကွယ်ပေးနိုင်သလို အရေပြားဓာတ်မတည့်မှုဖြစ်တာတွေ မဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။

**ပတ်ဝန်းကျင်က ရေဝပ်နိုင်တဲ့နေရာတွေကို မြေဖို့ပါ**

မုတ်သုံရာသီမှာ ရေအလွယ်တကူဝပ်နိုင်ပါတယ်။ ဒါကြောင့် ပတ်ဝန်းကျင်က ရေတင်ကျန်နေနိုင်တဲ့ နေရာတွေကို မြေဖို့တာ၊ ရေဝပ်နိုင်တဲ့ အိုးခြမ်းပဲ့၊ တာယာစုတ်လိုမျိုးအရာတွေကို ရေမဝပ်အောင် မှောက်ထားတာမျိုးတွေ လုပ်ပေးပါ။ ခြင်မပေါက်ဖွားအောင် လုပ်ဆောင်ပြီး ခြင်ကြောင့်ဖြစ်တဲ့ရောဂါတွေကို ကာကွယ်တာပါ။ အိပ်စက်ချိန်တိုင်း ခြင်ထောင်နဲ့ အိပ်စက်ပေးပါ။ ခြင်ဆေးအသုံးပြုလို့လည်းရပါတယ်။

**နို့နဲ့နို့ထွက်ပစ္စည်းတွေ**

မုတ်သုံရာသီမှာ နို့မသောက်တာက အကောင်းဆုံးပါ။ နို့သောက်ချင်တယ်ဆိုရင်လည်း ဆူနေအောင်တည်ပြီးမှ ပူပူနွေးနွေးအခြေအနေမှာ သောက်သုံးပေးပါ။ ဒိန်ချဉ်၊ ဒိန်ခဲနဲ့ နို့မှုန့်၊ ချိစ်လိုမျိုးအရာတွေကိုတော့ စားသုံးပေးလို့ရပါတယ်။ မုတ်သုံရာသီမှာ နို့ကိုမသောက်ဘဲနေတာက ခန္ဓာကိုယ်ကို ရောဂါပိုးတွေ ကူးစက်ခံရနိုင်ခြေကနေ ကာကွယ်ပြီးသားဖြစ်သွားမှာပါ။

**အစပ်များတဲ့အစားအစာတွေ**

မိုးအေးအေးမှာ ပူပူစပ်စပ် စားချင်တာမျိုးဖြစ်နိုင်ပါတယ်။ တကယ်တော့ မစားသင့်ပါဘူး။ မိုးတွင်းမှာ ပူပူစပ်စပ်အစားအစာတွေ။ အစပ်ကဲတဲ့အစားအစာတွေကို စားသုံးမယ်ဆိုရင် အစာခြေစနစ်ပြဿနာတွေ ဖြစ်နိုင်သလို အရေပြား ဓာတ်မတည့်တာတွေ ဖြစ်စေနိုင်ပါတယ်။

စာဖတ်ပရိသတ်အပေါင်းလည်း ရောဂါကင်းစင်ပြီး ပျော်ရွှင်စရာကောင်းတဲ့မိုးရာသီလေး ပိုင်ဆိုင်နိုင်ကြပါစေ။ **မအေးသီမွန်**

[ref: beautyhealthtips.in]

# လက်ဆေးရင် အချိန်ဘယ်လောက် ယူသင့်လဲ

မေ၂၉ - နေ့စဉ်လုပ်နေကျအလုပ်ထဲမှာ လက်ဆေးတာကလည်း မပါမဖြစ် အရေးကြီးတဲ့အရာပါ။ အိမ်သာက ထွက်လာတဲ့ အခါ၊ ညစ်ပေတဲ့အရာတွေကို ကိုင်တွယ်ထိတွေ့ပြီးတဲ့အခါ အပြင်ကနေပြန်လာတဲ့အခါနဲ့ အစားမစားခင်တွေမှာဆေးကြပေမဲ့ ဘယ်လောက်ကြာကြာဆေးသင့်လဲဆိုတာနဲ့ ဘယ်လိုမျိုးဆေးသင့်လဲဆိုတာကို တော်တော်များများက အမှုမဲ့အမှတ်မဲ့ပါ။

လက်ဆေးတဲ့ အခါ အနည်းဆုံးစက္ကန့် ၂၀ ကြာကြာလောက် ဆေးသင့်ပါတယ်။

ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာရဲ့ လေ့လာသုတေသနပြုချက်အရ လက်ဆေးတဲ့ အခါ လက်ကို ဆပ်ပြာနဲ့ စပ်အောင်ပွတ်တိုက်ပြီးရင် စက္ကန့် ၂၀ ကြာလောက်ဆေးကြောပေးသင့်ပါတယ်။ ဒါမှာလက်မှာ ကပ်ညိနေတဲ့ မျက်စိနဲ့ မမြင်နိုင်တဲ့ဘက်တီးရီးယားတွေကို သေစေနိုင်မှာပါ။

**လက်ကိုဆေးတဲ့အခါမှာလည်း**

- လက်ခုံရော လက်ဖဝါးကိုပါ သေချာပွတ်တိုက်ဖို့ လိုပါမယ်။ လက်ခုံနဲ့ လက်ဖဝါးကို ငါးစက္ကန့်လောက် သေချာပွတ်တိုက်ဆေးကြောပေးပါ။
- လက်ချောင်းတစ်ချောင်းစီကို သေချာဆေးကြောဖို့ လိုသလို လက်ချောင်းကြားထဲကနေရာတွေကိုလည်း ချန်မထားမိပါစေနဲ့။ လက်ချောင်းလေးတွေကိုလည်း တစ်ချောင်းစီသေချာအောင် ငါးစက္ကန့်အချိန်ယူပြီး ဆေးပေးပါ။
- ပြီးရင်တော့ လက်သည်းလေးတွေပါ။ လက်သည်းလေးတွေရဲ့ မျက်နှာပြင်နဲ့ လက်သည်းကြားတွေထဲက အညစ်အကြေးတွေနဲ့ ရောဂါပိုးမွှားတွေကို သန့်စင်အောင် သေချာဆေးကြောဖို့ကလည်း မဖြစ်မနေလုပ်သင့်တဲ့အချက်ပါ။ လက်သည်းလေးတွေကိုလည်း ငါးစက္ကန့်ကြာအောင် ဆေးကြောရပါမယ်။
- နောက်ဆုံး ငါးစက္ကန့်ကိုတော့ လက်မကို သန့်စင်ဆေးကြောဖို့ အတွက် သုံးပေးပါ။ လက်မမှာ ရောဂါပိုးတွေက အများဆုံးကပ်ညိနေနိုင်တာကြောင့် လက်မက ရောဂါပိုးတွေ ဝမ်းထဲဝင်သွားတာမျိုးမဖြစ်အောင် သေချာလေး ဆေးကြောပေးပါ။

**ဆပ်ပြာနဲ့လက်သန့်ဆေးရည် ဘယ်အရာကပိုထိရောက်တာလဲ**

ဆပ်ပြာကရောဂါပိုးတွေကို သေစေနိုင်တယ်ဆိုပေမဲ့ ရေကို မဖြစ်မနေ လိုအပ်မှာပါ။ ခရီးသွားတဲ့အခါမျိုးဆိုရင်တော့ ရေမလိုလက်သန့်ဆေးရည်က အသင့်တော်ဆုံးဖြစ်မှာပါ။ ရေမလိုလက်သန့်ဆေးရည်ကို အသုံးပြုတဲ့အခါမှာလည်း အယ်လ်ကိုဟော ၆၀ ရာခိုင်နှုန်းပါတဲ့ လက်သန့်ဆေးရည်ကို ရွေးချယ်တာ အကောင်းဆုံးဖြစ်မှာပါ။ ဖြစ်နိုင်ရင်တော့ လက်ကို ရေနဲ့ဆပ်ပြာအသုံးပြုပြီး ဆေးကြောတာက အကောင်းဆုံးဖြစ်မှာပါ။ ဒါပေမဲ့ လက်ဆေးတဲ့အခါတိုင်း antibiotic ပါတဲ့ ဆပ်ပြာကိုပဲ သုံးတာမျိုးမလုပ်ဖို့တော့ သတိပေးပါရစေ။ antibiotic ပါတဲ့ ဆပ်ပြာတွေကို အသုံးများတဲ့ အခါ ရောဂါပိုးတွေက ဆေးယဉ်ပါးတာမျိုး ဖြစ်သွားနိုင်တာကြောင့်ပါ။



**မအေးသီမွန်**

[ref:boldsky.com]




# အတွေးထဲမှ စဉ်းစားခန်း

ခင်မောင်ဝင်း (စစ်တွေ)

'အခု တိုးတက်တဲ့ ချမ်းသာတဲ့နိုင်ငံက လူတွေဟာ ကိုယ်အားလပ်တဲ့အချိန်တွေမှာ မရောက်ဖူးသေးတဲ့ ဒေသတွေ နိုင်ငံတွေကို ဗဟုသုတတွေ အတွေ့အကြုံအသစ်အဆန်းတွေရဖို့ ခရီးထွက်ကြတယ်'

'ဒါဆို ပိုက်ဆံတွေအများကြီးကုန်မှာပေါ့ ဆရာလေး'

'ကုန်တော့ကုန်တာပေါ့ဗျာ၊ ဒါပေမဲ့ အတွေ့အကြုံအသစ်အဆန်းတွေ မြင်ရတာပေါ့'

'မြင်ရတော့ကော ဘာထူးမှာတုံးဗျာ၊ ကျုပ်သာဆို အဲဒီငွေတွေနဲ့ ကျောင်းတွေဆောက်၊ ဘုရားတွေတည်ပစ်လိုက်မှာ'

'ဟုတ်တယ် ကိုကြီးသာမြပြောသလိုပဲ ကျုပ်ကတော့ အရပ်ရှစ်မျက်နှာကို အော်ပီကျယ်ကြီးနဲ့ အော်ပြီး ရွှေရင်မှော်ရွာက ဖိုးလှအိမ်မှာ စတုဒိသာမဏ္ဍပ်ကြီးဆောက်ပြီး အလှူပေးနေတယ်ဗျို့၊ လာစားကြပါလို့ သံကုန်အော်ပြီးအလှူလုပ်ပစ်မှာ'

သည်ရွာကလေးတွင် မူလတန်းပြဆရာအဖြစ် ကျွန်တော် တာဝန်ကျခဲ့သည်။ ညနေဆိုရင် ရွာက လူလတ်ပိုင်းတွေ ကျွန်တော့်အိမ်တွင် စုသည်။ သူတို့ပြောတာ နားထောင်ရင်း ကျွန်တော် ဖတ်ထားသော မှတ်ထားသော၊ စာပေ ဗဟုသုတတို့ မျှဝေဖြစ်သည်။ ပညာဒါနကို ကလေးတွေကိုသာမဟုတ်ဘဲ လူကြီးများအတွက်ပါ ကျွန်တော် ရည်ရွယ်သည်။

'တချို့ ခရီးထွက်ကြတဲ့ နိုင်ငံခြားသားတွေဆိုရင် ရွာတွေမှာအိပ် ရွာတွေမှာ စားပြီး ရွာသားတွေအလုပ်လုပ်တဲ့နေရာအထိကို လိုက်ကြည့်ကြတာ၊ ငါးရှာဖို့ထွက်ရင် ထွက်တဲ့နောက်ကိုလိုက်တယ်၊ လယ်တွေကိုင်းတွေစိုက်ရင်လဲ လိုက်ကြည့်တယ်၊ တစ်ခါတလေ လုပ်ဖူးတယ်ရှိအောင် ဝင်လုပ်ကြည့်ကြတယ်'

'ဟုတ်ရဲ့လား ဆရာလေးရယ်၊ ကျုပ်ဖြင့် အင်္ဂလိပ်ကြီးတွေ ကင်မရာကြီးလည်ပင်းမှာဆွဲပြီး ဓာတ်ပုံလိုက်ရိုက်နေတာ တွေ့တာပဲ'

'ကိုရင်သာအေးကလဲ လူအမျိုးမျိုးစိတ်အမျိုးမျိုးရှိတာပဲဟာ'

*

တစ်ရက်သော တနင်္ဂနွေကျောင်းပိတ်ရက်တွင်...

'ကိုသာမြ မနက်ဖြန် ဟင်းစားရှာဖို့ထွက်မလား'

'သွားမယ်ဆရာလေး။ ပုစွန်တက် (ဖော့ချိတ်)သွားဖမ်းမယ်၊ ဆရာလေး လိုက်ချင်လို့လား'

'ဟုတ်တယ်'

'မနောက်ပါနဲ့ ဆရာလေးရယ်'

'လေ့လာရေး သဘောပေါ့ဗျာ၊ မြင်ဖူးတယ်ရှိအောင် လို့'

'ဒါဆို မနက်ဖြန်မနက် ကျုပ်လာခေါ်မယ်'

*

ကိုသာမြ ချောင်းရေထဲတွင် ရေဆန်တိုးကာ ချောင်းဖျားပိုင်းသို့ တရွေ့ရွေ့ လှမ်းလာသည်။ ချောင်းရေစပ်ကို အုပ်မိုး၍ ပေါက်နေသော ငှက်ကြီးတောင်ရုံအောက်သို့ ယက်သဲ့ကို လှမ်းချလိုက်ပြီး လက်နှစ်ဖက်ကို အားထည့်ကာဖိပြီး အတွင်းဘက်ဆီသို့ ဆွဲယူလိုက်ရာ ပုစွန်တက် (ဖော့ချိတ်) များ တဖြုန်းဖြုန်းနှင့် ပါလာကြသည်။ ကိုသာမြက လျင်မြန်စွာပင် တစ်ကောင်ပြီးတစ်ကောင် ဖမ်းကာ ခါးတွင် စည်းချည်ထားသော ပလိုင်းတွင်းသို့ ထည့်လိုက်သည်။ ပုစွန်တက်များခုန်မထွက်စေရန် ပလိုင်းကို ညန်ရွက်များဖြင့် ဖုံးအုပ်ထားသည်။

ကျွန်တော် လောင်းလှေပေါ်မှ သေသေချာချာ မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။ နောက်တစ်ဖန် ယက်သဲ့ကို ချုံပုတ်အောက် ရေစပ်နားဆီသို့ချ၍ အသာအယာ ဆွဲဖော်လိုက်ပြန်သည်။ ပါလာသော ပုစွန်တက်များ ပလိုင်းထဲ ထည့်ပြန်သည်။ ထိုသို့ ထည့်နေရင်း...

'ပုစွန်တက်တွေက ဒီရေအစပ်ချုံပုတ်တွေအောက်မှာ နေတတ်တယ် ဆရာလေး'

'ပလိုင်းမပြည့်သေးဘူးလား'

'ပြည့်ခါနီးပြီ၊ ဒီတစ်ခေါက်ပြီးရင် ပြန်ကြတာပေါ့'

*

'ဆရာလေး သာမြနဲ့ ပုစွန်တက်ဖမ်းဖို့ လိုက်သွားတယ်ဆို'

'ဟုတ်တယ်၊ အထာကို သိတော့လဲ အလွယ်တကူပဲနော်'

'ဒါဆို လာမယ့်အပတ် ငါးဝက် သွားမျှားမယ်၊ လိုက်ခဲ့ပါလား'

ငါးဝက်ဆိုသောငါးက တီလားဗီးလားနှင့်တူသည်။ နှုတ်သီးကချွန်၊ ကိုယ်ထည်ပိုင်းက ဗိုက်ရွဲရွဲနှင့် ပုဝိုင်းသည်။ အမြီးကတိုပြီးသေးသည်။ အဆီရှိပြီး အသားချိုသည်။ ငါးဝက်တွင် အဖြူနှင့်အမည်းရှိသည်။ အရသာကတော့ အတူတူပင်။ ထိုနေ့က လောင်းလှေကို ဖိုးလှက ပဲ့ကိုင်၊ ကိုသာမြက လှော်သည်။ ကျွန်တော်က အလယ်က။

မြစ်လယ်ရေအောက် ကျောက်စရစ်သဲနုံရှိသောနေရာအရောက်တွင်

'ဖိုးလှရေ လှေကိုရပ်လိုက်တော့'

ထိုသို့ပြောပြီး ပါလာသော မျှားတွင် ပလိုင်းထဲမှ ပုစွန်တက်အရှင်တစ်ကောင်၏ကျောကိုဖောက်ကာ ချိတ်လိုက်ပြီး မျှားကို ရေထဲသို့ ချလိုက်သည်။ တွဲချည်ထားသော သုံးလက်မခန့်ရှိသည့် ဖော့ဖြူတုံးကလေးက မြစ်ပြင်ပေါ်တွင် ပေါ်နေသည်။ မျှားတစ်ခု ပုစွန်တစ်ကောင်နှုန်း ရေထဲပစ်ချရာ ဖော့ဖြူတုံးကလေးများ ရေပေါ်တွင် ဖွေးဖြူသွားသည်။

'ငါးဝက်က အစာရှူးဗျ ဆရာလေးရဲ၊ ပုဇွန်တက်က ရေထဲမှာ လွန့်လူးနေတာကို မြင်တာနဲ့ လိုက်ဟပ်တော့တာပဲ၊ ဟောဟိုမှာ ဖော့သီးသုံးလုံး မြုပ်လိုက် ပေါ်လိုက်ဖြစ်နေတယ်၊ ဖိုးလှရေ အဲဒီနားကို လှော်'

ကိုသာမြက ငါးမျှားကြိုးအား ဖော်လိုက်သည်။ ငါးဝက်ကြီးတစ်ကောင်ပါလာသည်။ ပါလာသော ငါးဝက်ကြီးကိုဖြုတ်၊ ပုစွန်တက်တစ်ကောင်ပြန်ချိတ်ကာ ရေထဲသို့ ထပ်မံပစ်ချလိုက်သည်။ ဖမ်းလိုက် ပြန်ချလိုက်နှင့် အကောင်များစွာရခဲ့သည်။ အပြန်တွင်...

'မနက်ဖြန် ဗိုးတောဆည်က ရေတွေဖောက်ချပြီး လယ်တွေရေပေးမှာမို့ ချုံအုပ်သွားမယ်၊ ကျောင်းဆရာ လိုက်ဦးမလား'

'မနက်ဖြန် ကျောင်းတက်ရမှာမို့ မအားဘူး။ ချုံအုပ်တယ်ဆိုတာက...'

'ဆည်ထဲမှာ သစ်ကိုင်းနဲ့ချုံကလေးတွေ လုပ်ထားပြီး ခိုတဲ့ငါးတွေကို ကွန်နဲ့အုပ်ဖမ်းတာပါ၊ ငါးတွေက ဆည်ထဲက မထွက်ချင်ကြဘူးလေ၊ သူတို့ ခိုလို့ရသလောက် ခိုကျန်ခဲ့ကြတဲ့ ငါးတွေကို ကွန်နဲ့ ဖမ်းရတာ'

'အင်း... ဒါလဲ စိတ်ဝင်စားစရာပဲ'

ကျွန်တော်တို့အပြန်တွင် ငါးဝက် အကောင်ကြီး ၃၂ တိတိကောင် ဖမ်းမိလာခဲ့သည်။

ဟိုတစ်နေ့က လူထုအခြေပြု ခရီးသွားလုပ်ငန်းအကြောင်း ကျွန်တော် ဖတ်မိသည်။ အရင်းအနှီးမလိုသော လုပ်ငန်းမို့လည်း စိတ်ဝင်စားမိသည်။

ကျွန်တော် တာဝန်ကျနေသော ရွာကလေးသို့ ကမ္ဘာလှည့်ခရီးသည်တွေရောက်လာပါက ကောင်းလေစွ။ ကိုဖိုးလှတို့ ကိုသာမြတို့ လုပ်ကိုင်စားသောက်နေကြပုံများကိုလည်း မြင်စမ်းစေချင်လှသည်။

သည်တစ်ခေါက် ကျောင်းပိတ်၍ မြို့ပေါ်ရောက်ခဲ့လျှင် ကျွန်တော်နှင့် ရင်းနှီးသော ဟိုတယ်မှ ဂျာကြီးကို စကားစကြည့်မည်ဟု စဉ်းစားလာခဲ့ပါတော့သည်။

ခင်မောင်ဝင်း (စစ်တွေ)

တာဝန်ခံအယ်ဒီတာ
ဝေလျှံ
အယ်ဒီတာအဖွဲ့
သင်းသင်းထွေး၊ ဆန်းငြိမ်းသော်
သတင်းထောက်များ
မေစုကြည်၊ အေးအေးအောင်၊
အောင်ထွန်းဦး၊ ဓတ္တာဖြူ
မေသော်တာမောင်၊ လိမ္မာ၊ မို့မို့သန္တာ၊ နှင်းနှင်း၊
မိပုံ၊ မေသက်
သတင်းဓာတ်ပုံ
မျိုးနိုင်
သတင်းဘာသာပြန်အဖွဲ့
အယ်ဒီတာ
မိုးထက်ဇင်
လက်ထောက်အယ်ဒီတာ
စုပြည့်စုံ
ဘာသာပြန်အဖွဲ့
အေးသီမွန်၊ ယွန်းစန္ဒီစုန်းမွန်၊ မေသက်၊ နှင်းသန့်
ကော်ပီအယ်ဒီတာ
မျိုးမင်းဦး၊ ညီမင်းဦး
ဂရပ်ဖစ်ဒီဇိုင်း
(မောင်မြ-ခနေ)
ဓာပြင် - သက်ဝေ၊ သက်နိုင်
ကွန်ပျူတာအဖွဲ့
ချယ်ရီသင်း၊ အေးသီတာ၊
မျိုးသန္တာသန်း၊ ယဉ်သန္တာ၊ နေနွယ်တင်မြင့်၊
သက်သက်နိုင်၊ အိစုန်း
ကြော်ငြာအဖွဲ့
သင်းသီရိဇင်
ဖုန်း - ၀၁ ၂၉၁၀၆၅၊ ၀၉ ၇၆၉၂၅၀၉၃၄
ပုံနှိပ်သူ
ဦးဝင်းအောင် (မြ-၀၀၀၈၂)၊
သန်းထိုက်ရတနာပုံနှိပ်တိုက်
အမှတ် ၈၄/၈၆၊ လမ်း ၅၀၊
ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ
ဦးမောင်မောင်စိန် (၀၀၆၄၄)
အမှတ် ၁၁၃၊ ၅၂လမ်း၊
ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အထက်မြန်မာပြည်ရုံးခွဲ
တာဝန်ခံ (ယာယီ)
ဖိုးစိန်
သတင်းထောက်များ
မိုးမြင့်ထွန်း၊ နန်းဟေမာထွေး၊
နေပြည်တော်ရုံးခွဲ
အယ်ဒီတာ
ချိုဇင်မာဝင့်
သတင်းထောက်
မာရီနိုင်၊ အောင်မင်းသိန်း
အမှတ် ၆၉၊ ငုဝါလမ်း၊ နယ်မြေ(၂)၊
သပြေကုန်း၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၄၁၄၉၀၅



www.free4readers.com



# အမေကသာ ကလေးကို စောင့်ရှောက်သင့်တယ်ဆိုတဲ့ ဂျပန်အမတ်စကား ဝေဖန်ခံရ



ကိုအိချိဟာဂီအူဒါက အမျိုးသားတွေက ကလေးတွေကို ပြုစုပျိုးထောင်တယ်ဆိုတာ မကြိုဆိုသင့်တဲ့အလုပ်ပဲလို့ ဆိုပါတယ်။

မေ ၂၉ - ဂျပန်ရဲ့အကြီးတန်းအမတ်တစ်ဦးက အမျိုးသမီးတွေကသာ အသက် သုံးနှစ်အောက်ကလေးတွေကို စောင့်ရှောက်သင့်ကြောင်း ပြောခဲ့ပြီး တခြားအမတ်တစ်ဦးက အိမ်ထောင်ကျစုံတွဲတွေအနေနဲ့ အနည်းဆုံး ကလေးသုံးယောက်ယူကြဖို့ တိုက်တွန်းလိုက်ပြီးနောက် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအစိုးရဟာ အင်္ဂါနေ့က ပြင်းပြင်းထန်ထန် ဝေဖန်ခံခဲ့ရပါတယ်။

နိုင်ငံ့လူဦးရေထဲမှာ သက်ကြီးဘိုးဘွားတွေ အလွန်များနေပြီးနောက် အလုပ်အကိုင်အင်အားစုထဲမှာ အမျိုးသမီးတွေ ပိုမိုပါဝင်လာဖို့အတွက် အာဘေးအစိုးရဟာ womenomics (အမျိုးသမီးတွေပါဝင်တဲ့ စီးပွားရေး) ဖြစ်စေဖို့ ကြိုးစားနေပါတယ်။

ဒါပေမဲ့ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (LDP)ရဲ့ အကြီးတန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုအိချိဟာဂီအူဒါက အမျိုးသားတွေက ကလေးတွေကို ပြုစုပျိုးထောင်တယ်ဆိုတာ မကြိုဆိုသင့်တဲ့အလုပ်ပဲလို့ ဆိုပါတယ်။

'ကလေးတွေက သူတို့အမေနဲ့နေလို့ရတဲ့ ပတ်ဝန်းကျင်တစ်ခုလိုအပ်တယ်၊ တကယ်လို့ အသက်သုံးနှစ်အောက်ကလေးတွေကို ဘယ်မိဘကို ပိုချစ်လဲမေးရင် အဖြေက မေမေပဲဖြစ်သင့်တယ်၊ ဒါပေမဲ့ ဒါကို ထောက်ခံပေးမယ့် အချက်အလက်အတိအကျတော့ မရှိပါဘူး'လို့ LDP ရဲ့ယာယီအထွေထွေအတွင်းရေးမှူး ဟာဂိုင်ဒါ (၅၄ နှစ်)က ပြောပါတယ်။

သည့်စကားမတိုင်ခင်မှာ အခြားအမတ်တစ်ဦးဖြစ်တဲ့ ခန်ကိုကာတိုကလည်း လူငယ်စုံတွဲတွေဟာ ကလေး သုံးယောက်ထက်မနည်း မွေးသင့်တယ်ဆိုတဲ့စကားတွေကို ပြောခဲ့ပါသေးတယ်။

ဒါပေမဲ့ အဓိကအတိုက်အခံ အခြေခံဥပဒေဆိုင်ရာဒီမိုကရက်တစ်ပါတီခေါင်းဆောင်က သည်စကားတွေကို အင်္ဂါနေ့က ဝေဖန်ခဲ့ပြီးသည်စကားတွေဟာ သည်းမခံနိုင်စရာကောင်းတယ်လို့ ဆိုပါတယ်။

'ကလေးရချင်ပေမဲ့ မရနိုင်တဲ့ လူတွေ အများကြီးရှိပြီး အဖေတစ်ယောက်တည်းစောင့်ရှောက်ရတဲ့ မိသားစုတွေလဲ ရှိတယ်'လို့ ယူကီအိုအီဒါနိုက ပြောပါတယ်။'သူတို့ကဒီအချက်တွေကို သတိမထားမိဘူးလား''

လက်ယာယိမ်းအုပ်စုဖြစ်တဲ့ အာရှ–ဂျပန်အမျိုးသမီးများရင်းမြစ်စင်တာမှ ဆူမီရိဟာမာဒါက ဟာဂူအီဒါရဲ့စကားတွေဟာ ဘောင်ကျော်နေတယ်လို့ ဆိုပါတယ်။

'အမျိုးသားတွေက ကလေးပြုစုစောင့်ရှောက်ရေးမှာ ပါဝင်တဲ့ အသိုင်းအဝိုင်းတစ်ခု ဖန်တီးမယ်ဆိုတဲ့ အစိုးရရဲ့ကတိတွေ ဘာဖြစ်သွားပြီလဲ၊ အခုအမတ်တွေရဲ့စကားက အစိုးရပြောထားတာနဲ့ ဆန့်ကျင်ဘက်ဖြစ်ပြီး ဟာဂူအီဒါရဲ့ရိုင်းစိုင်းတဲ့စကားတွေကြောင့် အဖေတွေ ဒေါသထွက်ကြလိမ့်မယ်'လို့ သူက ဆိုပါတယ်။

နောက်ထပ်တစ်ဦးကလည်း သည်စကားတွေကြောင့် အမျိုးသားတွေကို အလုပ်ချိန်ကြာမြင့်စွာ လုပ်ကိုင်တဲ့အနေအထားကို ဆက်လက်ဆုပ်ကိုင်ထားဖို့ အားပေးရာရောက်တယ်လို့ဆိုပါတယ်။

**စုမြည်စုံ**

[ref: AFP, May 29, 2018.]

# ကိုကာကိုလာရဲ့ ပထမဆုံး အရက်ပါအချိုရည် ဂျပန်မှာ စတင်ရောင်းချ




သည့်လီမွန်ရည်ကို ပုံစံသုံးမျိုးနဲ့ တနင်္လာနေ့မှာ စတင်ရောင်းချခဲ့ပါတယ်။

မေ ၂၈ - ကိုကာကိုလာဟာ ဈေးကွက်နဲ့ ဖော်သည်အသစ်တွေကို ဆွဲဆောင်တဲ့အနေနဲ့ ကုမ္ပဏီရဲ့ ပထမဆုံး အယ်လ်ကိုဟောပါအချိုရည်အဖြစ် လီမွန်အနံ့အရသာပါတဲ့ကိုကာကိုလာကို ဂျပန်မှာစတင်မိတ်ဆက်ခဲ့ပါတယ်။

အမေရိကန် အချိုရည်ကုမ္ပဏီကြီးအတွက် ပထမဆုံးအနေနဲ့ မူးဝေစေမယ့် သည်လီမွန်ရည်ကို ပုံစံသုံးမျိုးနဲ့ တနင်္လာနေ့မှာ စတင်ရောင်းချခဲ့ပါတယ်။

လူငယ်တွေ အထူးသဖြင့် အမျိုးသမီးတွေအတွက် ရည်ရွယ်ပြီး ထုတ်လုပ်တာ ဖြစ်ပါတယ်။

ကုမ္ပဏီသက်တမ်း ၁၂၅ နှစ်အတွင်း လုံးဝကွဲပြားတဲ့အချိုရည်လို့ ကိုကာကိုလာကုမ္ပဏီက ဖော်ပြတဲ့ သည်ထုတ်ကုန်တွေမှာ အရက်သုံးရာခိုင်နှုန်းကနေ ရှစ်ရာခိုင်နှုန်းကြား ပါရှိပါတယ်။

ကုမ္ပဏီရဲ့ထုံးစံအရ ချက်ပုံချက်နည်းကို အထူးသတိပြုတိထွင်ထားပေမဲ့ ဂျပန်မှာနေရာရပြီးဖြစ်တဲ့ သစ်သီးအနံ့အရသာတွေနဲ့ ပြည်တွင်းအရက်တို့ကို ပေါင်းစပ်ထားတဲ့ ချူဟိုင်ကိုတော့ စံပြုပြီး ထုတ်လုပ်ထားပါတယ်။

ချူဟိုင်ဟာ ဘီယာအစားထိုး အရက်ပျော့တစ်မျိုးလို့ ကြော်ငြာခဲ့ကာ အမျိုးသမီးတွေကြား အသောက်အများဆုံး ဖြစ်ပါတယ်။

ပြည်တွင်းကုမ္ပဏီတွေဖြစ်တဲ့ ဆန်တိုရီ၊ အဆာဟိနဲ့ ကီရင်တို့ဟာ ချူဟိုင်အချိုရည်ဘူးတွေကို ထုတ်လုပ်ရောင်းချလျက် ရှိပါတယ်။

ဂရိတ်ဖရုသီးနဲ့ လီမွန်လိုအရသာတွေဟာ ချူဟိုင်မှာ အထင်ရှားဆုံးဖြစ်ပြီး အခုအချိန်မှာတော့ ကိုကာကိုလာနဲ့ ဈေးကွက်ပြိုင်လုရတော့မှာဖြစ်ပါတယ်။

အချိုရည်အသစ်ကိုဂျပန်နိုင်ငံပြင်ပမှာ ရောင်းချဖို့ အစီအစဉ်မရှိဘူးလို့ ကိုကာကိုလာက ပြောကြားခဲ့ပါတယ်။

အယ်ကိုပေါ့ အချိုရည်တွေဟာ ဥရောပနဲ့ဗြိတိန်တို့မှာ ၁၉၉၀ နှစ်တွေ လောက်ကတည်းက စတင်ခေတ်စားခဲ့ပါတယ်။

အရသာရှိတဲ့ အရက်ပျော့တွေဟာလူငယ်တွေကိုအရက်သောက်ဖို့ ပိုတွန်းအားပေးသလို ဖြစ်နေမလားဆိုတာအငြင်းပွားစရာ ဖြစ်စေပါတယ်။

**နှင်းသန့်**

[ref: BBC, May. 28, 2018.]

# အရွယ်ရောက်သူအသက်ကို လျှော့ချမယ့်မူကြမ်း ဂျပန်အောက်လွှတ်တော်မှာ အတည်ပြု

မေ ၃၀ – အိုမင်းသူတွေများလာတဲ့ လူ့အဖွဲ့အစည်းအတွင်း တက်ကြွတဲ့ လူမှုရေးလှုပ်ရှားမှုတွေမှာ လူငယ်တွေ ပိုမိုပါဝင်လာစေဖို့ရည်ရွယ်တဲ့လှုပ်ရှားမှုတစ်ခုအနေနဲ့ လက်ရှိမှာအသက် ၂၀နှစ်လို့ သတ်မှတ်ထားတဲ့ အရွယ်ရောက်သူတစ်ဦးရဲ့ အသက်အရွယ်ကို ၁၈နှစ်ကို လျှော့ချဖို့ ပြင်ဆင်တဲ့ဥပဒေမူကြမ်းတွေကို အင်္ဂါနေ့က ဂျပန်အောက်လွှတ်တော်မှာ အတည်ပြုခဲ့ပါတယ်။

တရားမဥပဒေနဲ့ အခြားဥပဒေတွေမှာ ပြင်ဆင်ချက်တွေထည့်သွင်းထားတဲ့ မူကြမ်းတွေအရ ၂၀၂၂ ဧပြီလမှာ စတင်အသက်ဝင်မှာဖြစ်ပြီး လူကြီးတစ်ယောက်ရဲ့အသက်ကို ၁၈ နှစ်လို့သတ်မှတ်ပြီး မိဘခွင့်ပြုချက်မလိုဘဲ ၁၉ နှစ်မှာလက်ထပ်နိုင်မှာ ဖြစ်ပါတယ်။

အသက် ၁၈ နှစ်အမျိုးသားနဲ့ ၁၆နှစ်အမျိုးသမီးတို့ လက်ရှိဥပဒေအရလက်ထပ်ခွင့်ပြုထားပေမဲ့ အသက် ၂၀ အောက်ဖြစ်ပါက မိဘခွင့်ပြုချက်လိုအပ်ပါတယ်။ အမျိုးသမီးတွေအတွက် တရားဝင်လက်ထပ်ခွင့်ပြုတဲ့အသက်ကို ၁၈ နှစ်လို့ သတ်မှတ်ထားတဲ့ တရားမဥပဒေကိုလည်း ပယ်ဖျက်မှာဖြစ်ပါတယ်။

လူကြီးလို့ သတ်မှတ်တဲ့ အသက်အရွယ်ကို လျှော့ချလိုက်တာကြောင့် ဆက်စပ်ဥပဒေဖြစ်တဲ့ နိုင်ငံသားဖြစ်ခွင့် နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ခွင့် ဥပဒေအပါအဝင် အခြားဥပဒေ ၂၂ ခုကို ပါ ပြန်လည်သုံးသပ်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အရက်သောက်ခွင့်၊ ဆေးလိပ်သောက်ခွင့်နဲ့ လောင်းကစားလုပ်ခွင့်ကို အသက် ၂၀ ကျော်မှ ခွင့်ပြုမှာ ဖြစ်ပါတယ်။

ထို့အတူ အိမ်မြေပိုင်ဆိုင်ခွင့် ဥပဒေကိုလည်း ပြန်လည်သုံးသပ်ခဲ့ပါတယ်။ လူငယ်တွေရဲ့ပိုင်ဆိုင်တဲ့ပစ္စည်းတွေ မသမာနည်းနဲ့ အလိမ်မခံရအောင် ဥပဒေမူကြမ်းမှာ ရောင်းသူအနေနဲ့ ဝယ်သူအပေါ် ဖိအားပေးမှုတစ်စုံတစ်ရာ ရှိပါက စာချုပ်ဟာ ..လုံးအလျောက်ပျက်ပြယ်တယ်ဆိုတဲ့ စာပိုဒ် ပါရှိပါတယ်။

အတိုက်အခံဒီမိုကရက်တစ်ပါတီမှ အစ်ဆာယိုမတ်ဆူဒါက လူငယ်ဝယ်လက်တွေကိုအရေးတယူနဲ့ကာကွယ်ပေးတဲ့ သည်လုပ်ရပ်တွေဟာ မလုံလောက်သေးဘူးလို့ပြောကြားခဲ့ပြီး မူကြမ်းကို ဆန့်ကျင်ခဲ့ပါတယ်။

'သက်ကြီးရွယ်အိုတွေများပြီး ကလေးမွေးနှုန်းကျဆင်းနေတဲ့ လူမှုဝန်းကျင်ကြီးပြန်လည်နိုးကြားဖို့အတွက် လုံလောက်တဲ့လုပ်ရပ်တစ်ခုပဲ'လို့ လစ်ဘရယ်ဒီမိုကရက်တစ်အစိုးရပါတီဝင် တာကာရှီဖူဂျီဝါရာက ပြောကြားခဲ့ပြီး ဥပဒေမူကြမ်းကို ထောက်ခံခဲ့ပါတယ်။

**နှင်းသန့်**

[ref:Kyodonews, May29, 2018.]

# ငါ့ကို နမ်းတဲ့ မုန်တိုင်းဇာတ်ကားမှာ လိုအပ်ချက်တွေရှိရင် နားလည်ပေးပါဆိုတဲ့ ရဲရင့်အောင်

**မန္တလေး၊ မေ၃၀**–ငါ့ကိုနမ်းတဲ့မုန်တိုင်း ရုပ်ရှင်ဇာတ်ကားမှာ လွမ်းပိုင်နဲ့ သရုပ်ဆောင်ရတဲ့ အခန်းလည်း ထူးခြားသလို အကယ်ဒမီ ဖွေးဖွေးနဲ့ သရုပ်ဆောင်ရတာလည်း ရှိန်ခဲ့ပေမဲ့ ကိုယ်တတ်တဲ့ အနုပညာနဲ့ အကောင်းဆုံး သရုပ်ဆောင်ခဲ့တယ်လို့ အဆိုတော် ရဲရင့်အောင်က ဆိုပါတယ်။

ဇွန်က ၁ ရက်နေ့မှာ ရုံတင်ပြသတော့မယ့် ငါ့ကိုနမ်းတဲ့မုန်တိုင်း ရုပ်ရှင်ဇာတ်ကားကြီးမှာ အဆိုတော် ရဲရင့်အောင်က လွမ်းပိုင်၊ အကယ်ဒမီ ဖွေးဖွေး တို့နဲ့ သရုပ်ဆောင်ထားတာဖြစ်ပါတယ်။

'ဒီကားမှာ အဆိုတော်တွေအနေနဲ့ ကျွန်တော်တို့ တတ်တဲ့ ပညာတွေနဲ့ သရုပ်ဆောင်ထားတာတွေပါပါတယ်၊ ကျွန်တော်ရဲ့ ကာရိုက်တာက ကောင်မလေးတစ်ယောက်ကို ကြွေသွားတယ်၊ အဲဒီနောက်မှာ ကောင်မလေးကို မရရအောင် ကြိုးစားတာပေါ့၊ ဇာတ်ဝင်ခန်းတော်တော်များများကို သဘောကျတယ်၊ တင်တင်စီးစီးနဲ့ အပေါ်ကနေ ပြောရတဲ့ စကားတွေကို သဘောကျပါတယ်၊ တင်တင်စီးစီးနဲ့ အပေါ်ကနေ ပြောရတဲ့ စကားတွေကို သဘောကျတယ်၊ မဖွေးနဲ့ သရုပ်ဆောင်ရတဲ့ အခါမှာ ရှိန်တဲ့ အခန်းတွေ ရှိပါတယ်၊ များသောအားဖြင့် မိန်းကလေး တစ်ယောက်နဲ့ သရုပ်ဆောင်ရတာ ကျွန်တော် အားနာတတ်တယ်၊ ကျွန်တော်ရဲ့ ပုံမှန်စိတ်ကြောင့် အဲဒီလို အားနာရင်းနဲ့ ပြန်ရိုက်ရတဲ့ အခန်းတွေလဲ ရှိခဲ့ပါတယ်' လို့ ရဲရင့်အောင်က ပြောပါတယ်။

သည်ဇာတ်ကားမှာ အကောင်းဆုံး ကြိုးစားသရုပ်ဆောင်ခဲ့ပေမဲ့ သရုပ်ဆောင်ပိုင်းလိုအပ်ချက်တွေ ရှိရင်တော့ နားလည်ပေးပြီး ကြည့်ရှုဝေဖန်ပေးကြပါလို့ ရဲရင့်အောင်က ပြောပါတယ်။

စွန့်ဖြူ



# ရည်းစားထားရင် ချစ်သူကို သိပ်မချုပ်ချယ်ပါဘူးလို့ ကတိပေးလိုက်တဲ့ သွန်းဆက်



**မန္တလေး မေ ၃၀** – မေလ၃၀ရက် အချစ်ရေးမှာ relationship ကိုအေးအေးဆေးဆေးလေး တည်ဆောက်ချင်တယ်ဆိုတဲ့ သွန်းဆက်က ရည်းစားထားမယ်ဆိုရင် ချစ်သူကို သိပ်မချုပ်ချယ်ပါဘူးလို့ ဆိုပါတယ်။

သည်နှစ်မှာတော့ အချစ်ရေး ထူးခြားမှု မရှိနိုင်သေးဘူး ဆိုတဲ့ သွန်းဆက်က 'အချစ်ရေးက ဒီနှစ်မှာ ထူးခြားမှုမရှိနိုင်ပါဘူး၊ သွန်းဆက်ထင်တယ်၊ သုံးလေးနှစ်ကတော့ ကြာဦးမယ် ထင်ပါတယ်၊သွန်းဆက် အချစ်ရေးမှာ ခံယူထားတာကတော့ တစ်ယောက်နဲ့ တစ်ယောက် နားလည်မှုရှိဖို့ အရေးကြီးဆုံးပဲ၊ သွန်းဆက်ကတော့ ရည်းစားထားရင် ကြော်ငြာဝင်ထားတာပေါ့၊ သွန်းဆက် ရည်းစားထားရင် အရမ်းကြီး ချုပ်ချယ်တဲ့ မိန်းမထဲမှာ မပါဘူး။ သိပ်ပြီး မချုပ်ချယ်ဘူး၊ ဘယ်သွားမယ်၊ ဘာလုပ်မယ် ဆိုတာတော့ အသိပေးလိုက်ရင်ရပြီ၊ တော်ရုံတန်ရုံ နေရာတွေတော့ လွှတ်ပါတယ်၊ မသွားရ မလာရမျိုးတော့ မလုပ်ပါဘူး၊ relationship ကိုလဲ အေးအေးဆေးဆေးနဲ့ တစ်ယောက်နဲ့တစ်ယောက် နားလည်ပြီး ညှိညှိနှိုင်းနှိုင်းလေးနဲ့ အမြဲတမ်း သွားချင်တာပါ' လို့ ပြောပါတယ်။

အရင်တုန်းက အသည်းတွေ ကွဲခဲ့ဖူးတယ်ဆိုတဲ့ သွန်းဆက်က အခုချိန်မှာတော့ အသက်အရွယ်ကြောင့် နေတတ်သွားပြီလို့လည်း ဆိုပါတယ်။

'အသည်းကွဲတာ၊ ခံစားခဲ့ဖူးတာပေါ့၊ အများကြီးပေါ့၊ ရှေ့မှာလဲ ပြတ်သွားတာတွေ အများကြီးရှိတယ်၊ အဲဒါတော့ အဓိက ဆယ်ကျော်သက်အရွယ်မှာဖြစ်တယ်၊ မစားနိုင် မသောက်နိုင်တွေ ဖြစ်တာပေါ့၊ အခုတော့ အသက်က ၂၀ တော်တော်ကျော်သွားပြီဆိုတော့ အသက်ကလဲ နည်းနည်းကြီးလာပြီလေ၊ အချစ်တွေဘာတွေ အဲဒီလို မဖြစ်တော့ဘူး၊ အသည်းကွဲလဲ ကွဲတယ်၊ ဘာဖြစ်လဲ သူငယ်ချင်းတွေနဲ့ ချိန်းပြီး မုန့်သွားစားတယ်၊ မစားနိုင်မသောက်နိုင်တွေ မဖြစ်တော့ပါဘူး။ အဲဒါကြောင့်လဲ ခန္ဓာကိုယ်က တဖြည်းဖြည်း ဒီလိုဖြစ်လာတာ' လို့ ရယ်ရင်းပြောတယ်။

လက်ရှိမှာတော့ သွန်းဆက်က မိခင်ကျန်းမာရေး အခြေအနေကြောင့် ကားရိုက်တွေ ရပ်နားထားရပြီး မိခင်ကျန်းမာရေးပြန်ကောင်းလာရင်တော့ အနုပညာအလုပ်တွေ ပိုကြိုးစားလုပ်သွားမယ်ဆိုတာ ကတိပေးပါတယ်လို့ ဆိုပါတယ်။

မကြာခင်မှာသူ့ရဲ့ရုပ်ရှင်ကားကြီးတွေ ထွက်လာတော့မယ်ဆိုတဲ့ သွန်းဆက်က 'အနှောင့်ရှာဆိုတဲ့ ဇေရဲထက်နဲ့ရိုက်ထားတဲ့ ဗီဒီယိုတစ်ကားထွက်နေပါပြီ၊ ရုပ်ရှင်ကားကြီးတွေလဲ မကြာခင် ထွက်လာတော့မှာမို့ သွန်းဆက်ကိုလဲ အားပေးကြပါလို့၊ အခု နည်းနည်း အလုပ်နဲ့ နှစ်လ၊ သုံးလလောက် ဝေးကွာနေတာဟာ အမေရဲ့ ကျန်းမာရေးအခြေအနေကြောင့် ပါ၊ နောက်ပိုင်းမှာ သွန်းဆက် အလုပ်တွေကို သေချာပြန်ပြီး ကြိုးစားပါမယ်လို့ကတိပေးပါတယ်' လို့ ပြောပါတယ်။

ရိုက်ကူးထားပြီး ရုံမတင်ရသေးတဲ့ ရုပ်ရှင်ကားကြီး ၂၀ခန့်ရှိတယ်လို့ဆိုပြီး ၁၀ကားကျော်ခန့်က ဟာသကားတွေ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒရာမာကားရိုက်ကူးမှု နည်းပါးနေသေးတဲ့ အတွက် နောက်ပိုင်းမှာ ဒရာမာကားတွေ ပိုရိုက်ချင်ပါတယ်လို့လည်း သွန်းဆက်ကပြောပါတယ်။

စွန့်ဖြူ

# မြူးစေ်ဗီဒီယိုတစ်ပုဒ် အွန်လိုင်းတင်ဖို့ ကြိုးစားနေတယ်ဆိုတဲ့ သားငယ်



**မန္တလေး၊ မေ၃၀**–မြန်မာအိုင်ဒေါလ် အစီအစဉ် ၃မှာ ဘက်စုံထူးချွန်တဲ့ အနုပညာရှင်တွေပေါ်ထွက်လာဖို့ မျှော်လင့်ပါတယ်ဆိုတဲ့ သားငယ်က လတ်တလောမှာတော့ မြူးဇစ်ဗီဒီယို သီချင်းတစ်ပုဒ် အွန်လိုင်းမီဒီယာမှာ တင်ပေးဖို့ကြိုးစားနေတယ်လို့ သိရတယ်။

မြန်မာအိုင်ဒေါလ် အစီအစဉ် ၃မှာ ညှော်သည် အဆိုတော်အနေနဲ့ သီဆိုခွင့်ရရင် သီဆိုချင်ပါတယ် ဆိုတဲ့ သားငယ်က 'လောလောဆယ် တော့ မြန်မာအိုင်ဒေါလ် ဘက်က ဘာမှ မပြောသေးလို့ ကျွန်တော်ကတော့ လိုအပ်တဲ့ နေရာမှာ ပါဝင်ကူညီဖို့ အသင့်ပါ၊ ညှော်သည်အဆိုတော်မျိုး ခေါ်ရင်လဲ သွားဆိုမှာ ပေါ့ ဆိုချင်တယ်၊ အခုနောက်ပိုင်း အဆိုပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်တဲ့သူတွေက မျိုးဆက်သစ်ဆိုတာထက် အတွေ့အကြုံရှိပြီးသားသူတွေလဲ လာဦးမှာပါ၊ အများကြီး စိတ်လှုပ်ရှားဖို့ကောင်းတဲ့ ပြိုင်ပွဲပဲလေ၊ အဆိုရှင်ဆိုတာထက် အနုပညာလုပ်နိုင်တဲ့ တကယ့်ထဲထဲဝင်ဝင် ကျွန်တော်တို့လို မဟုတ်ဘူးပေါ့နော်၊ ကျွန်တော်တို့ကတော့ ဆိုပဲ ဆိုတတ်တာ၊ သိပ်ပြီးတော့ ထဲထဲဝင်ဝင်ကြီး မလုပ်တတ်ဘူးလေ၊ အရမ်းဘက်စုံ ထောင့်စုံက ထူးချွန်တဲ့ အိုင်ဒေါလ်တွေ ထွက်လာဖို့ မျှော်လင့်ပါတယ်' လို့ ပြောပါတယ်။

လက်ရှိမှာတော့ နယ်နဲ့ ရန်ကုန်ရှိုးပွဲတွေ ဆိုဖြစ်နေတယ်ဆိုတဲ့ သားငယ်က ဒုတိယ တစ်ကိုယ်တော်အတွက် လည်း ပြင်ဆင်တော့မယ်လို့သိရတယ်။

'လတ်တလောက သီချင်း အသစ်တစ်ပုဒ် အွန်လိုင်းမီဒီယာမှာ မြူးဇစ်ဗီဒီယိုအနေနဲ့ တင်ဖို့ ရှိပါတယ်၊ သီချင်းအမျိုးအစားက ရော့ခ်အင်ရိုးလေးပါ၊ တေးရေးက ရှမ်းလေးပေါ့၊ သီချင်းအကြောင်းအရာလေးကတော့ ယနေ့ဖြစ်နေတဲ့ အကြောင်းအရာလေးပါ၊ ပြီးတော့ အခုမိုးတွင်းလဲ ရောက်လာပြီဆိုတော့ ဒုတိယ အခွေအတွက် ရီကောဒင်းတွေ တောက်လျှောက်ဝင်တော့မှာပေါ့' လို့ သားငယ်က ပြောပါတယ်။

စွန့်ဖြူ

## ၂၀၁၈ ကမ္ဘာ့ဖလား

# မျိုးဆက်သစ်တွေနဲ့ အားသစ်လောင်းလာတဲ့ ယူရို ၂၀၁၆ ချန်ပီယံ ပေါ်တူဂီ



ပေါ်တူဂီ လူငယ်မျိုးဆက်သစ်အချို့ကို ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ မျက်ဝါးထင်ထင် မြင်တွေ့ရတော့မှာပါ။

မေ၃၀ - ပေါ်တူဂီဟာ ၂၀၁၈ရုရှား ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ့် တိုက်ကြီးအလိုက် ချန်ပီယံသုံးသင်းထဲက တစ်သင်းဖြစ်ပါတယ်။ သည်လိုချန်ပီယံသုံးသင်းသာ ဝင်ပြိုင်ခွင့်ရတာဟာ ၁၉၉၄အမေရိကန်ကမ္ဘာ့ဖလားပွဲနောက်ပိုင်း အနည်းဆုံးအရေ အတွက် ဖြစ်ပါတယ်။

လွန်ခဲ့တဲ့ နှစ်နှစ်ကပေါ်တူဂီအသင်းကို ပထမဆုံးနိုင်ငံတကာ ဆုဖလားကြီး ဆွတ်ခူးနိုင်အောင် လမ်းညွှန်နည်းပြပေးခဲ့တဲ့အသင်းနည်းပြဖာနန်ဒိုဆန်းတို့စ်ဟာ အခုဆိုရင်အသင်းမှာစိတ်လှုပ်ရှားစရာကောင်းတဲ့ လူငယ်မျိုးဆက်သစ်တွေကိုအားသစ်လောင်း ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ ပေါ်တူဂီဟာ သည်ကမ္ဘာ့ဖလားမှာ စပိန်၊ အီရန်၊ မော်ရိုကိုတို့နဲ့ တစ်အုပ်စုတည်းရင်ဆိုင်ရမှာ ဖြစ်ပါတယ်။

ယူရို ၂၀၁၆ ချန်ပီယံဖြစ်ပြီးနောက် ပိုင်းပေါ်တူဂီအားသစ်လောင်းခဲ့တဲ့လူငယ်မျိုးဆက်သစ်အချို့ကို ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ မျက်ဝါးထင်ထင် မြင်တွေ့ရတော့မှာပါ။

**ဘာနာဒါဆေးဗား (၂၄နှစ်)**
**မန်စီးတီးတောင်ပံကစားသမား**

ယူရို ၂၀၁၆ ပြိုင်ပွဲမတိုင်ခင် နှစ်ကတည်းက သူ့ရဲ့ခြေစွမ်းကြောင့်ပေါ်တူဂီအသင်းမှာ ပါဝင်ခွင့်ရခဲ့သူပါ။ ဒါပေမဲ့ပေါင်ခြံ ဒဏ်ရာက သူ့ကိုချန်ပီယံဆုတံဆိပ်နဲ့ လွဲချော်စေခဲ့ ပါတယ်။ အဲသည်နောက်ပိုင်းကစပြီး သူဟာ သူ့ရဲ့နိုင်ငံတကာဆုတံဆိပ်လွဲချော်မှုကို ကလပ်အသင်းတွေနဲ့အောင်မြင်မှုရယူပြီး ဖာထေးနိုင်ခဲ့ပါတယ်။ သူဟာ မိုနာကိုနဲ့ မန်စီးတီးအသင်းတွေမှာ အကောင်းဆုံးပုံစံပြနိုင်ခဲ့ကာဆုတံဆိပ်တွေ၊ ဖလားတွေ ဆွတ်ခူးကိုင်မြှောက်နိုင်ခဲ့ပါတယ်။

လက်ရှိ အချိန်အထိတော့ ပက်ဂွာဒီယိုလာရဲ့အသင်းမှာ အကန့်အသတ်နဲ့သာ ကစားနေရသေးပေမဲ့ပြီးခဲ့တဲ့ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာသူ့ရဲ့ ညက်ညောတဲ့ကစားဟန်နဲ့အရှိန်အဟုန်ကိုအကောင်းဆုံး ထုတ်ပြနိုင်ခဲ့ပါတယ်။ အခုလည်း ရုရှားမှာ သူ့ရဲ့အလိမ်အလှည့် ပညာတွေကို ရှုစားကြရဖို့ ရှိပါတယ်။

**ဘရူနို ဖာနန်ဒက်ဇ် (၂၃နှစ်)**
**စပို့တင်းကလပ်**
**ကွင်းလယ်တိုက်စစ်**

သူဟာ အမိမြေကို ခြေမချခင်က အီတလီမှာအဝိကကစားသမားနေရာတွေက ကစားခဲ့ရသူဖြစ်ပါတယ်။ ၁၉နှစ် အရွယ်မှာတင် အူဒီးနီးစ်မှာ ပုံမှန်ပွဲထွက်ခွင့်ရသူဖြစ်ခဲ့ပြီးနောက်ပိုင်းမှာ ဆမ်ဒိုးရီးယားကို ပြောင်းကစားခဲ့ပါတယ်။ သည်ရာသီမှာတော့ပေါ်တူဂီကလပ်ဖြစ်တဲ့ စပို့တင်းမှာ ကွင်းလယ်ဖန်တီးရှင်အဖြစ် ကုန်ဆုံးခဲ့ပါတယ်။ သူ့ရဲ့ပွဲဦးထွက်ရာသီမှာပဲ ပေါ်တူဂီရဲ့ ပရီးမီးယားလီဂ်တစ်ခုလုံးမှာ ဂိုးဖန်တီးမှုအများဆုံး သူဖြစ်ခဲ့ပါတယ်။ သူ့ထက် နာမည်ပိုကြီးသူဆိုလို့ တိုက်စစ်မှူးဘက်စ်ဒေါ့သာ ရှိပါတယ်။



ဘာနာဒါဆေးဗား (၂၄နှစ်)။

သူဟာ ၂၀၁၇ မှာ အသင်းနဲ့ စတင်ပွဲထွက်ခွင့် ရခဲ့ပြီးကတည်းက သူ့အတွက် ပထမဆုံးပြိုင်ပွဲကြီးအတွေ့အကြုံအတွက် သည်ကမ္ဘာ့ဖလားပြိုင်ပွဲကိုစောင့်ဆိုင်းနေခဲ့သူဖြစ်ပါတယ်။ ရီယို ၂၀၁၆ အိုလံပစ်ဘောလုံးပြိုင်ပွဲမှာလည်း ပေါ်တူဂီအမျိုးသားအသင်း အတွက် ပါဝင်ကစားခဲ့ဖူးပါတယ်။

**ဂျယ်ဆန်မာတင် (၂၃နှစ်)**
**စပို့တင်းကလပ်**
**တောင်ပံကစားသမား**

ပေါ်တူဂီရဲ့ အရံကစားသမားဘဝကနေ ထွန်းတောက်အောင် ကစားပြလာနိုင်ပြီး စပို့တင်းကလပ်မှာပုံမှန်နေရာရလာခဲ့တဲ့ မာတင်ဟာ အခုကမ္ဘာ့ဖလားခြေစစ်ပွဲရဲ့ဒုတိယမြောက်အုပ်စုပွဲမှာ စီနီယာအသင်းကြီးဆီ စတင်ပါဝင်လာခဲ့ပြီးသူ့ရဲ့ ပေါ်တူဂီအသင်းအတွက် ဒုတိယမြောက်ပွဲမှာပဲ ၂၂ မိနစ်အတွင်းဂိုးဖန်တီးမှု နှစ်ကြိမ်ပြုလုပ်ပေးနိုင်ခဲ့ပါတယ်။

သည်ရာသီမှာ ဘရူနိုဖာနက်ဒက်ဇ်နည်းတူ ဂိုးဖန်တီးမှုအများဆုံး ပြုလုပ်ထားတဲ့ မာတင်ဟာ ယူ-၂၀ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နှစ်ဂိုးသွင်းနိုင်ခဲ့ပြီး လွန်ခဲ့တဲ့တစ်နှစ်က ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာလည်း ကြေးတံဆိပ် ဆွတ်ခူးထားနိုင်သူ ဖြစ်ပါတယ်။

**အင်ဒရေဆေးဗား (၂၂နှစ်)**
**အေစီမီလန် တိုက်စစ်မှူး**

သူ့ရဲ့ အီတလီကပွဲဦးထွက်ရာသီမှာ ရုန်းကန်ခဲ့ရမှုတွေနဲ့ အတူ သူ့အပေါ်ထားတဲ့ မျှော်မှန်းချက်တွေကလည်း အနည်းနဲ့အများ ထိခိုက်ခဲ့ရပါတယ်။ ဒါပေမဲ့ သည်တိုက်စစ်မှူးရဲ့ နိုင်ငံအသင်းမှာရရှိထားတဲ့ စွမ်းဆောင်ရည်တွေကတော့သူမတူတဲ့ မှတ်တမ်းတွေဖြစ်နေတုန်းပါပဲ။ နိုင်ငံအသင်း အတွက် တစ်ပွဲ တစ်ဂိုးမက သွင်းတဲ့ပွဲပေါင်းက အခုဆို ၁၂ပွဲရှိနေပါပြီ။ သည်ထဲမှာ ၁၀ ပွဲက ပြိုင်ပွဲကြီးတွေဖြစ်ပါတယ်။ ဒါဟာနည်းပြဆန်းတို့စ်ရဲ့ ယာယီလူစာရင်းထဲမှာတော့ စီရော်နယ်ဒိုပြီးရင် ဂိုးအများဆုံး သွင်းထားနိုင်သူပါပဲ။

သူဟာ ကွန်ဖက်ဒရေးရှင်းဖလားမှာ တစ်ဂိုးသွင်းယူခဲ့ပြီး ၂၀၁၅ယူ-၂၀ ကမ္ဘာ့ဖလားပွဲမှာ လေးဂိုးသွင်းနိုင်ခဲ့ပါတယ်။ ပေါ်တူတိုက်စစ်မှူးဟောင်းဟာ နိုင်ငံအသင်းရဲ့ပြိုင်ပွဲကြီးတွေမှာလည်း သူ့ရဲ့စွမ်းဆောင်ရည်ကိုပြသနိုင်ခဲ့သူဖြစ်ပါတယ်။

**ဝွန်ကာလိုဂူးဒက်စ် (၂၁နှစ်)**
**ပီအက်စ်ဂျီတောင်ပံကစားသမား**

ဂူးဒက်စ်ရဲ့ နိုင်ငံ့လက်ရွေးစင်ပုံမှန်ကစားသမားဘဝကူးပြောင်းမှုက အချိန်အတော်ကြာယူခဲ့ရပါတယ်။ သူဟာ ပေါ်တူဂီရဲ့ ယူ-၁၅ အသင်းကစပြီး အသက်အုပ်စုလိုက်အသင်းတိုင်းမှာရွေးချယ်ခံခဲ့ရသူဖြစ်ပြီး ၁၈နှစ်မှာ အသင်းကြီးကစားသမားဘဝအထောက်ထား မြည်းစမ်းခွင့်ရပြီးနောက်ပိုင်းအခုနောက်ဆုံးမှာမှ ပုံမှန်လက်ရွေးစင်ဖြစ်ခွင့်ကိုအရအမိဆုပ်ကိုင်နိုင်ခဲ့တာပါ။ သူဟာ ၂၀၁၇အောက်တိုဘာကစပြီးပေါ်တူဂီအသင်းရဲ့ လူစာရင်းတိုင်းကို မလွှတ်တမ်းပါဝင်လာခဲ့သူဖြစ်ပါတယ်။

လင်စီယာကို အငှားသွားရောက်ကစားခဲ့ရာမှာ ခြေစွမ်းပြနိုင်ခဲ့ပြီးဂိုးဖန်တီးမှု ၁၁ ကြိမ်နဲ့ငါးဂိုးသွင်းနိုင်ခဲ့ပါတယ်။ နေရာယူတတ်မှု၊ ကစားအားနဲ့ ဖန်တီးနိုင်အားအပြည့်ရှိတဲ့ ဂူးဒက်စ်ဟာ ထူးထူးခြားခြား လုပ်ပြနိုင်သူတစ်ဦးဖြစ်မယ်လို့ ခန့်မှန်းခံရသူတွေထဲက တစ်ယောက်ဖြစ်ပါတယ်။

**ရှာဘင်ဒီးယက်စ် (၂၁နှစ်)**
**ဘင်ဖီကာ နောက်ခံလူ**

လွန်ခဲ့တဲ့နှစ်ပတ်လောက်ကမှ ၂၁နှစ်ပြည့်ခဲ့ပြီးသည်တစ်ပတ်ထဲ ကစားတဲ့တူနီးရှားနဲ့ပွဲမှာ ပေါ်တူဂီအတွက်ပွဲဦးထွက်ကစားခွင့်ရခဲ့တဲ့ ဒီယက်စ်ဟာ အောင်မြင်တဲ့ရာသီတစ်ခုအဖြစ်အပြီးသတ်ဖြတ်သန်းနိုင်ဖို့ ကမ္ဘာ့ဖလားပွဲကိုရည်စူး နေပါတယ်။ တောင်ကိုရီးယားမှာ ပြုလုပ်တဲ့ ယူ-၂၀ကမ္ဘာ့ဖလားမှာ အသင်းအတွက်ခေါင်းဆောင်တာဝန် ယူပြီး ကတည်းက ၂၀၁၈ အတွင်းမှာ ဘင်ဖီကာအတွက် ပွဲတိုင်းပွဲထွက်ကစားခွင့်ရခဲ့သူဖြစ်ပါတယ်။ ဗဟိုခံစစ်မှူးနေရာမှာ လေးစားလောက်စရာစွမ်းဆောင်ရည်ကိုပြသနိုင်ခဲ့ပြီးဘင်ဖီကာ အသင်းခေါင်းဆောင် လွီဆာအိုကိုအရံခုံကို ပို့နိုင်ခဲ့သူ ဖြစ်ပါတယ်။ 4cus

[ref: Fifa.com.]

### နိုင်ငံတကာ ခြေစမ်းပွဲများ
### ပွဲကစားချိန်များ

| | | | |
|---|---|---|---|
| ဇွန် ၁၊ သောကြာနေ့ည | တောင်ကိုရီးယား | ၅း၃၀ | ဘော့စနီးယား |
| | ချက် | ၅း၃၀ | ဩစတြေးလျား |
| ဇွန် ၂၊ စနေနေ့မနက် | တူနီးရှား | ၀၀း၄၅ | တူရကီ |
| | ပြင်သစ် | ၁း၃၀ | အီတလီ |
| | အီဂျစ် | ၁း၄၅ | ကိုလံဘီယာ |
| ဇွန် ၂၊ စနေနေ့ည | ထိုင်း | ၆း၀၀ | တရုတ် |
| | ဩစတြီးယား | ၁၀း၃၀ | ဂျာမနီ |
| | အယ်ဘေးနီးယား | ၁၀း၃၀ | ယူကရိန်း |
| | အင်္ဂလန် | ၁၀း၄၅ | နိုင်ဂျီးရီးယား |
| ဇွန် ၃၊ တနင်္ဂနွေနေ့မနက် | ဆွီဒင် | ၀၀း၁၅ | ဒိန်းမတ် |
| | ဂရိ | ၀၀း၃၀ | အီရန် |
| | မွန်တီနီဂရိုး | ၀၀း၄၅ | ဆလိုဗေးနီးယား |
| | ဘယ်လ်ဂျီယံ | ၁း၁၅ | ပေါ်တူဂီ |
| | အိုင်ယာလန် | ၁း၃၈ | အမေရိကန် |
| | အိုက်စလန် | ၂း၃၀ | နော်ဝေ |
| ဇွန် ၃၊ တနင်္ဂနွေနေ့ည | ဘရာဇီး | ၈း၃၀ | ခရိုအေးရှား |
| | ကော်စတာရီကာ | ၁၁း၃၀ | မြောက်အိုင်ယာလန် |
| ဇွန် ၄၊ တနင်္လာနေ့မနက် | ဆော်ဒီအာရေဘီးယား | ၀၀း၃၀ | ပီရူး |
| | စပိန် | ၁း၃၀ | ဆွစ်ဇာလန် |



ဘရူနို ဖာနန်ဒက်ဇ် (၂၃နှစ်)။

www.free4readers.com



# ဖိလစ်ပိုင်မှာ သမိုင်းဝင် ဂျစ်ပနီ ကားတွေရဲ့ အသွင်ပြောင်းတော်လှန်ရေး စတင်

**မေ၃၀–** သမ္မတ ရိုဒရီဂို ဒူတာတီရဲ့ နိုင်ငံရေး စိတ်ဆန္ဒခိုင်မာမှုကို ပြသတဲ့နောက်ထပ် အကြောင်းအရာတစ်ခုအနေနဲ့ သူ့အစိုးရဟာ ဖိလစ်ပိုင်ရဲ့အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကို ပြောင်းလဲတော့မှာဖြစ်ပြီး နိုင်ငံရဲ့နာမည်အကြီးဆုံး သယ်ယူပို့ဆောင်ရေးဖြစ်တဲ့ သမိုင်းဝင်ဂျစ်ပနီ (Jeepney)တွေရဲ့ ဒီဇိုင်းကို အသွင်ပြောင်းတော့မှာ ဖြစ်ပါတယ်။

အစိုးရက ချမှတ်ထားတဲ့ စည်းကမ်းချက် အသစ်တွေအရ ဖိလစ်ပိုင်လမ်းတွေပေါ် နှစ်ပေါင်းများစွာလွှမ်းမိုးလာခဲ့တဲ့အရောင်အသွေးစုံတဲ့ဂျစ်ကားပုံစံဘတ်စ်ကားတွေဟာ နောက်သုံးလေးနှစ်အတွင်း ဒီဇိုင်းအကြီးအကျယ်ပြောင်းလဲမှု လုပ်ရတော့မှာ ဖြစ်ပါတယ်။

ဒုတိယကမ္ဘာစစ်ကျန် အမေရိကန်စစ်ဂျစ်ကားတွေကို ပြုပြင်ပြီး ပြေးဆွဲနေခဲ့တဲ့ ဂျစ်ပနီတွေဟာ ဗြိတိန်က နှစ်ထပ်ဘတ်စ်ကားတွေလို၊ ဂျပန်ကကျည်ဆန်ရထားတွေလို၊ ထိုင်းက တုတ်တုတ်သုံးဘီးဆိုင်ကယ်တွေလိုမျိုး ဖိလစ်ပိုင်နဲ့ တစ်သားတည်းဖြစ်လာခဲ့ပါတယ်။

နိုင်ငံရဲ့လမ်းတွေပေါ်မှာဂျစ်ပနီပေါင်း ၁၈၀,၀၀၀ နီးပါးပြေးဆွဲနေပြီး တရားမဝင်ပြေးဆွဲနေတဲ့ ကားသောင်းနဲ့ချီရှိတာကိုပါကြည့်ရင် သူတို့ကိုလူကြိုက်များပြီးအရေအတွက်အများဆုံး အများပြည်သူသုံးယာဉ်ဖြစ်မှန်း သိသာထင်ရှားပါတယ်။

'ဒီကားတွေက ထူးခြားပြီး ဖိလစ်ပိုင်တစ်ယောက်ရဲ့သင်္ကေတဖြစ်တာကြောင့် ဒီကားတွေကို ချစ်နေရုံနဲ့မပြီးဘူး။ အခုကျွန်တော်တို့က ခေတ်သစ်ရောက်နေပြီ၊ ဒါကြောင့် လက်ရှိခေတ်ရဲ့လိုအပ်ချက်တွေနဲ့ကိုက်ညီအောင်ဒီကားတွေကိုလိုအပ်သလိုပြုပြင်ရတော့မယ်' လို့မနီလာမြို့ပြဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌဒန်နီယိုလင်းက ပြီးခဲ့တဲ့လက အများပြည်သူသယ်ယူပို့ဆောင်ရေးကုန်စည်ပြပွဲမှာ ပြောပါတယ်။

အာဏာပိုင်အဖွဲ့ဟာ ဂျစ်ပနီပေါင်း၄၅,၀၀၀နီးပါးပြေးဆွဲနေတဲ့ မနီလာမြို့မှာ ယာဉ်ကြောပိတ်ဆို့မှုကိုဖြေရှင်းနေပါတယ်။

မနှစ်က စတင်တဲ့ သယ်ယူပို့ဆောင်ရေးဦးစီးဌာနရဲ့အများပြည်သူစီးနင်းယာဉ်ခေတ်မီရေး အစီအစဉ်အရ ဂျစ်ပနီအားလုံးဟာ သုံးနှစ်အတွင်းဒီဇိုင်းသစ်စံချိန်စံညွှန်းတွေကို လိုက်နာရမှာ ဖြစ်ပါတယ်။

တစ်စစီစုတ်ပြတ်နေပြီးမီးခိုးငွေ့တွေထွက်နေတဲ့ ဂျစ်ပနီတွေဟာ လေထုကို အဆိပ်အတောက်ဖြစ်စေပြီး ပြည်သူတွေရဲ့ ကျန်းမာရေးကို ခြိမ်းခြောက်နေတယ်လို့ ဒူတာတီကဆိုပါတယ်။ ဂျစ်ပနီတွေကိုအဆင့်မြှင့်ဖို့ကုန်ကျစရိတ်ကြီးတဲ့အတွက် သူတို့အကြွေးတင်လိမ့်မယ်လို့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းငယ်တချို့ရဲ့ကန့်ကွက်မှုရှိပေမဲ့ သည်အစီအစဉ်ကို ဆက်လုပ်မယ်လို့ သမ္မတက ကတိပေးထားပါတယ်။

သမ္မတက သူ့အစီအစဉ်ကို ဆန့်ကျင်သူတွေကို လုံခြုံရေးတပ်ဖွဲ့တွေကို ရော်ဘာကျည်နဲ့ပစ်ခိုင်းမယ်၊ ဆက်ပြီးခေါင်းမာမယ်ဆိုရင် ယာဉ်တွေကိုပါ သိမ်းရလိမ့်မယ်လို့တောင် ခြိမ်းခြောက်ခဲ့ပါတယ်။

သမားရိုးကျ ဂျစ်ပနီတွေမှာ တစ်ပတ်ရစ်ဒီဇယ်အင်ဂျင်တွေကို အများဆုံးအသုံးပြုပါတယ်။ ကားတွေဟာ ခေါင်မိုးနိမ့်ပြီး နောက်ဘက်မှာ တံခါးပေါက်ရှိပါတယ်။ စံချိန်စံညွှန်းသစ်တွေမှာ ကာဗွန်ထုတ်လွှတ်မှုနည်းပါးတဲ့ အင်ဂျင်ဒါမှမဟုတ် လျှပ်စစ် သို့မဟုတ် ဆိုလာလိုမျိုး လောင်စာဆီနဲ့ လည်ပတ်တဲ့ အင်ဂျင်ပါရမှာ ဖြစ်ပြီး ကားအကျယ်အဝန်းကို ချဲ့ရမှာဖြစ်သလို ကားဘေးဘက်မှာ တံခါးပေါက်ရှိရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် စီစီတီဗီကင်မရာ၊ ဒက်ရှ်ဘုတ်ကင်မရာ၊ ဝိုင်ဖိုင်၊ ဂျီပီအက်စ်ဖမ်းစက်၊ အရှိန်ကန့်သတ်စက်၊ အဲကွန်း၊ အလယ်လျှောက်လမ်းနဲ့မသန်စွမ်းသူတွေအတွက် နေရာ၊ ကားခအလို အလျောက်ကောက်ခံစနစ်တို့ ပါရှိရမှာဖြစ်ပါတယ်။ အစဉ်အဆက်သုံးစွဲခဲ့တဲ့ ဂျစ်ပနီတွေမှာ ဒါတွေအားလုံး မပါဝင်ပါဘူး။

'ခေတ်မီအောင်ပြုလုပ်ရေးအစီအစဉ်အရ ဂျစ်ပနီတွေကို ဖျက်သိမ်းမှာမဟုတ်ပါဘူး၊ ကျွန်တော်တို့က ဘယ်လိုဂျစ်ပနီမျိုးကိုစတင်သုံးစွဲမယ်လို့ သတ်မှတ်ရုံပါ' လို့ ကုန်းလမ်းပို့ဆောင်ရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးဘုတ်အဖွဲ့မှ အိုင်လင်းလီဇာဒါက ရုပ်သံအင်တာဗျူးတစ်ခုမှာ ပြောပါတယ်။ ခေတ်မီအောင်ပြုလုပ်ရေးအစီအစဉ်ကို စတင်လိုက်ရင် ဂျစ်ပနီတွေက အတိတ်မှာကျန်ခဲ့တော့မယ်ဆိုတဲ့စိုးရိမ်မှုတွေကိုပြေလျော့အောင်ကြိုးစားခြင်းဖြစ်ပါတယ်။

ဒီဇိုင်းအဆင့်မြှင့်တင်မှုအပြင် ဂျစ်ပနီကားလုပ်ငန်းတွေဟာ ဖရန်ချိုက်စ်ရရှိဖို့အတွက် လုပ်ငန်းတူအချင်းချင်းစုပေါင်းဖွဲ့စည်းရမှာ ဖြစ်ပါတယ်။ အစုအဖွဲ့တစ်ခုစီဟာ သူ့ကားတွေအတွက် ကားဂိုဒေါင်၊ ယာဉ်လုံခြုံရေးဝန်ထမ်းတွေကို ထားရှိရမှာဖြစ်ပြီး အစိုးရကသတ်မှတ်ထားတဲ့ လမ်းအတိုင်း မောင်းနှင်ရမှာဖြစ်ပါတယ်။

ဂျစ်ပနီယာဉ်မောင်းတွေဟာ လစာရဝန်ထမ်းတွေ ဖြစ်လာကြပါလိမ့်မယ်။

ဘတ်စ်ကားနဲ့ တက္ကစီတွေလည်း အကျုံးဝင်တဲ့ ခေတ်မီရေး အစီအစဉ်အတွင်း ယာဉ်တွေရဲ့ လမ်းပေါ်ပြေးဆွဲနိုင်မှုကို စစ်ဆေးတဲ့စနစ်နဲ့ သက်တမ်းကုန်ယာဉ်တွေကို အရည်ကျိုတဲ့စနစ်လည်း ပါရှိပါတယ်။

အစိုးရဟာ ကားပြေးဆွဲသူတွေကို ထောက်ပံ့ကြေးတွေ၊ ချေးငွေတွေပေးပြီး ငွေကြေးအကူအညီပေးမှာဖြစ်ပါတယ်။

စုပြည့်စုံ

[ref:Bangkokpost,May30,2018]



နိုင်ငံရဲ့ လမ်းတွေပေါ်မှာ ဂျစ်ပနီပေါင်း ၁၈၀,၀၀၀ နီးပါးပြေးဆွဲနေပါတယ်။




